# ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည်
# အနက်ပြန်ခြင်းဆိုင်ရာ
# အခြေခံအုတ်မြစ်များ

သင်ခန်းစာ ရှစ်

## မျက်မှောက်ခေတ်ကျင့်သုံးခြင်းနှင့် ဓမ္မဟောင်းခေတ်ကာလများ

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့်အခြား အရင်းအမြစ်များအတွက်
thirdmill.org တွင်သာ့ဒ်မစ်လ်ကို ဝင်ကြည့်ပါ။

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ

နိဒါန်း ............ 1
ခေတ်ကာလအပိုင်းအခြားများ ............ 2
အမျိုးစုံလင်ခြင်း ............ 2
အကြမ်းဖျဉ်းဖော်ပြချက် ............ 4
ပတ်သက်မှုများ ............ 7
ခေတ်ကာလဖွံ့ဖြိုးတိုးတက်မှုများ ............ 11
ဇာတ်ကောင်များ ............ 11
ဇာတ်လမ်း ............ 14
ကျမ်းရေးသူများ ............ 16
အတိတ်အကြောင်း ............ 17
ပစ္စုပ္ပန်အတွက် ............ 18
ဆက်သွယ်မှုများ ............ 20
နောက်ခံသမိုင်းများ ............ 20
နမူနာပုံစံများ ............ 22
မျှော်မှန်းချက် ............ 25
နိဂုံး ............ 26



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ဓမ္မဟောင်းကျမ်းကို မျက်မှောက်ခေတ်အသက်တာတွင် လက်တွေ့ကျင့်သုံးရန် ခရစ်ယာန်များ စဉ်းစားသည့်အခါ အစွန်းရောက်သွားတတ်သည်ကို သင်သတိပြုဖူးပါသလား။ အစွန်းတစ်ဖက်တွင်၊ ဓမ္မဟောင်းကာလ၌ ဘုရားသခင်၏လူတို့ပြုလုပ်ခဲ့သည့်အတိုင်း ကျွန်ုပ်တို့လုပ်ဆောင်ရန် လိုအပ်သည်ဟု ယုံကြည်သူအချို့က ယူဆကြသည်။ အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည်ဓမ္မဟောင်းကာလတွင် မိမိလူတို့အားခိုင်းစေသောအရာကို ကျွန်ုပ်တို့မေ့သင့်သည်ဟု အချို့သောယုံကြည်သူများက ယူဆကြသည်။ သို့သော်လက်တွေ့တွင်၊ သမ္မာတရားသည် ဤအစွန်းနှစ်ဖက်ကြားတွင် တစ်နေရာ၌ ရှိနေသည်။

ဓမ္မဟောင်းကျမ်းကိုကျွန်ုပ်တို့ခေတ်တွင်ကျင့်သုံးရာ၌၊ အချက်နှစ်ချက်ကို မှတ်သားထားဖို့ လိုပါသည်_အတိတ်ကိုမည်သည့်အခါမှပြန်မသွားသင့်သောလည်း၊ အတိတ်ကိုမည်သည့်အခါမှမမေ့သင့်ပါ။

ဤသည်မှာ *ကျွန်ုပ်တို့အား သူကျမ်းစာပေးခဲ့သည်* အနက်ပြန်ခြင်းဆိုင်ရာအခြေခံများအခန်းဆက်ဆောင်းပါးမှ ရှစ်ခုမြောက်သင်ခန်းစာဖြစ်ပြီး_ ၎င်းကို "မျက်မှောက်ခေတ်ကျင့်သုံးခြင်းနှင့် ဓမ္မဟောင်းခေတ်များ" ဟုခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ခန်းနားကြီးကျယ်သောခေတ်များ သို့မဟုတ် သမိုင်းခေတ်များတစ်လျှောက်ဖြစ်ပေါ်လာသော ဓမ္မဟောင်းယုံကြည်ခြင်းနည်းလမ်းများကို စူးစမ်းလေ့လာပြီး၊ ဤတိုးတက်မှုများသည် ကျွန်ုပ်တို့၏ကျမ်းစာအား ကိုယ်တိုင်ကျင့်သုံးပြုမှုအပေါ် သက်ရောက်မှုရှိပုံကို ရှင်းပြပါမည်။

ယခင်သင်ခန်းစာတစ်ခုတွင်၊ သမ္မာကျမ်းစာ၏မူလပရိသတ်များသည် ခေတ်ပြိုင်ပရိသတ်များနှင့် အနည်းဆုံးနည်းလမ်းသုံးမျိုးဖြင့် ကွဲပြားသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ မူလပရိသတ်များသည် ကျွန်ုပ်တို့နှင့်မတူညီသော သမိုင်းခေတ်ကာလများတွင် အသက်ရှင်ခဲ့ကြသည်။ သူတို့၏ယဉ်ကျေးမှုများသည် ကျွန်ုပ်တို့နှင့်မတူပါ။ ထို့ပြင် သူတို့သည်ကျွန်ုပ်တို့နှင့် ကွဲပြားသည့်လူများဖြစ်ကြသည်။ ဤကွဲပြားမှုသုံးရပ်သည် မရေမတွက်နိုင်သောနည်းလမ်းများဖြင့် အပြန်အလှန်ချိတ်ဆက်ထားသော်လည်း၊ ဤသင်ခန်းစာတွင် ဓမ္မဟောင်းခေတ်နှင့် မျက်မှောက်ခေတ်ကျင့်သုံးခြင်းအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။

မျက်မှောက်ခေတ်ကျင့်သုံးခြင်းနှင့် ဓမ္မဟောင်းခေတ်များကြား ဆက်စပ်မှုကို နည်းလမ်းနှစ်မျိုးဖြင့် ရှာဖွေဖော်ပြပါမည်။ ဦးစွာ၊ ဓမ္မဟောင်းသမိုင်း၏ ခေတ်ကာလအပိုင်းအခြားများကို ကြည့်ပါမည်။ ဒုတိယ၊ ဤကွဲပြားမှုများကို ကိုယ်စားပြုသည့် ခေတ်ကာလ တိုးတက်မှုများကိုသုံးသပ်ပါမည်။ ဓမ္မဟောင်းသမိုင်း၏ခေတ်ကာလအပိုင်းအခြားများဖြင့် စတင်ကြပါစို့။

# ခေတ်ကာလအပိုင်းအခြားများ

ဓမ္မဟောင်းကျမ်းသည် သမိုင်းတစ်လျှောက် ဖြစ်ပျက်ခဲ့သော ဓမ္မပညာဆိုင်ရာပြောင်းလဲမှုများစွာကို ဖော်ပြသည်။ ဘုရားသခင်သည် သူ၏လူများ၏အယူအဆများ၊ အပြုအမူများ၊ စိတ်ခံစားမှုများနှင့် ပတ်သက်၍ သူ၏မျှော်လင့်ချက်များကို ပြောင်းလဲသည့်အခါတိုင်း ဓမ္မပညာဆိုင်ရာပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ အပြောင်းအလဲများသည် သိသာထင်ရှားလာသောအခါ၊ ၎င်းတို့သည် ခေတ်ကာလအပိုင်းအခြားများကို ခွဲခြားသတ်မှတ်ခြင်းအတွက် အခြေခံဖြစ်လာသည်။

ခရစ်ယာန်များသည် ဤပြောင်းလဲမှုများကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြကြသည်၊ သို့သော် အသုံးများပြီး အထောက်အကူပြုဘုံဥပမာတစ်ခုသည် ဓမ္မဟောင်းဓမ္မပညာကို ကြီးထွားနေသောသစ်ပင်နှင့်နှိုင်းယှဉ်ထားသည်။ ကျန်းမာသောအပင်တစ်ပင်သည် အစေ့ငယ်မှ ရင့်ကျက်မှုသို့ ကြီးထွားလာသောအခါတွင် ပြောင်းလဲမှုများစွာကို ဖြတ်သန်းရသည်။ သို့သော် ကမ္ဘာ့နေရာအများစုတွင် သစ်ပင်များကြီးထွားမှုသည် နှစ်စဉ်ရာသီဥတု လည်ပတ်မှုနှင့် ဆက်စပ်နေသည်။ သစ်ပင်များသည် အေးသောရာသီတွင် ကြီးထွားမှုနှေးကွေးပြီး ပူနွေးသောရာသီများတွင် လျင်မြန်စွာကြီးထွားသည်။

ဓမ္မဟောင်းဓမ္မပညာ၏ ကြီးထွားမှုသည်လည်း ရာသီအလိုက်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အနည်းငယ်ပြောင်းလဲသွားတတ်ပါသည်။ သို့သော် အခြားအချိန်များတွင် သိသာထင်ရှားစွာ ပြောင်းလဲသွားပြီး၊ ရင့်ကျက်မှုအခြေအနေအသစ်သို့ ရောက်ရှိသွားသည်။ ဤရင့်ကျက်မှုအဆင့်များသည် ဓမ္မဟောင်းကျမ်း၏ ခေတ်ကာလအပိုင်းအခြားများနှင့် သက်ဆိုင်သည်။ ခေတ်ကာလတစ်ခုစီသည် ဓမ္မဟောင်းဓမ္မပညာတွင် ပြည့်စုံပြီး ရေရှည်တည်တံ့သော အသွင်ကူးပြောင်းမှု လက္ခဏာဆောင်သည့် အချိန်ကာလတစ်ခုဖြစ်သည်။

ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်း၏ခေတ်ကာလအပိုင်းအခြားများကို အဆင့်သုံးဆင့်ဖြင့် ဆွေးနွေးပါမည်။ ဦးစွာ၊ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော သမိုင်းနှင့်ပတ်သက်၍ ပညာရှင်များ၏ပိုင်းခြားထားမှုများကို ကျွန်ုပ်တို့အသိအမှတ်ပြုပါမည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ခရစ်ယာန်ထုံးတမ်းစဉ်လာများစွာအသုံးပြုသည့် အထောက်အကူပြု ခေတ်ကာလအကြမ်းဖျဉ်းဖော်ပြချက်တစ်ခုကို ဖော်ပြပါမည်။ တတိယ၊ ဤအကြမ်းဖျဉ်းဖော်ပြချက်သည် သမ္မာကျမ်းစာ၏ မျက်မှောက်ခေတ်ကျင့်သုံးခြင်းအတွက် သက်ရောက်မှုအချို့ကို ကျွန်ုပ်တို့ ထောက်ပြပါမည်။ ဓမ္မဟောင်းသမိုင်းကို ပိုင်းခြားထားသော နည်းလမ်းအမျိုးမျိုးဖြင့် စတင်ကြပါစို့။

## အမျိုးစုံလင်ခြင်း

ဓမ္မဟောင်းကျမ်းတွင် မှတ်တမ်းတင်ထားသော သမိုင်းကိုပိုင်းခြားရန် ခြားနားသောနည်းလမ်းများကို ဓမ္မပညာရှင်တို့ တွေ့ရှိကြခြင်းအား ကျွန်ုပ်တို့အံ့သြခြင်းမရှိပါ။ အချက်တစ်ခုမှာ၊ အချိန်သည် သိသာထင်ရှားစွာ ပိုင်းဖြတ်ထားသော ကာလများအတွင်း မကုန်ဆုံးသွားပါ။ ထို့ကြောင့် ခေတ်ကာလများ

အကြား ယေဘုယျအားဖြင့် အသွင်ကူးပြောင်းမှုများတဖြည်းဖြည်း ဖြစ်ပေါ်လာပြီး၊ ခေတ်ကာလများ ကိုယ်တိုင် ထပ်နေတတ်သည်။ နောက်တစ်ချက်မှာ၊ အပိုင်းအခြားဆိုင်ရာဓမ္မပညာရှင်များသည် ၎င်းတို့အသုံးပြုသည့် စံနှုန်းများပေါ်တွင်မူတည်ကာ ဆုံးဖြတ်ကြသည်။ သိပ္ပံပညာရပ်တွင် ဤကဲ့သို့ ဖြစ်ပျက်ပုံကို စဉ်းစားကြည့်ပါ။ ရှေးဟောင်းသုတေသနပညာရှင်များသည် သတ္တုဗေဒဆိုင်ရာတိုးတက်မှု အရ သမိုင်းကို ပိုင်းခြားလေ့ရှိသည်။ ထို့ကြောင့်၊ သူတို့သည် ကြေးခေတ်၏အစောပိုင်း၊ အလယ်၊ နှောင်းပိုင်းအကြောင်း၊ သံခေတ်၏အစောပိုင်း၊ အလယ်နှင့် နှောင်းပိုင်းအကြောင်း ပြောဆိုကြသည်။ လူမှုဗေဒပညာရှင်များသည် နိုင်ငံရေးဆိုင်ရာတိုးတက်မှုများကို အလေးပေးကြသည်။ ထို့ကြောင့် သူတို့ သည် မျိုးနွယ်စုခေတ်၊ နိုင်ငံတော်အစောပိုင်းခေတ်၊ ဘုရင်မင်းမြတ်ခေတ်၊ ကျွန်ခံရသောကာလနှင့် ကျွန်ခံရာကာလအလွန်များအကြောင်း ပြောဆိုကြသည်။

အလားတူပင်၊ ဓမ္မပညာရှင်များသည် ခေတ်ကာလများကို အသေးစိတ်ဖော်ပြရန် ဓမ္မပညာ ဆိုင်ရာစံနှုန်းများကို အသုံးပြုလေ့ရှိသည်မှာ ထင်ရှားသည်။ သို့သော် ဓမ္မဟောင်းကျမ်းအတွင်း ဓမ္မပညာ သည် မတူညီသောအချိန်များတွင် မတူညီသောနည်းလမ်းများဖြင့် ဖြစ်ပေါ်လာသောကြောင့် ကွဲပြားခြင်း အပေါ် သူတို့သည်အမြဲသဘောတူခြင်းမျိုးမရှိကြပါ။ သစ်ပင်တစ်ပင်သည် ကြီးထွားမှုအဆင့်ကို ဖြတ်ကျော်စဉ်တွင် ၎င်း၏ မတူညီသောအစိတ်အပိုင်းများသည် တစ်ချိန်တည်း သို့မဟုတ် တူညီသော အရှိန်အဟုန်ဖြင့် ကြီးထွားလာမည်မဟုတ်ပါ။ တစ်ခါတစ်ရံတွင် ရောဂါပိုးသည် အခြားအကိုင်းအခက် တစ်ခု၏ကြီးထွားမှုကို အမှန်တကယ်ရပ်တန့်သွားစေသည်။ သစ်ပင်ပင်စည်၏အခေါက်သည် တဖြည်းဖြည်းနှင့်နှေးကွေးစွာကြီးထွားလာပြီး၊ ၎င်း၏သေးငယ်သော အကိုင်းအခက်များနှင့် အရွက်များ သည်လျင်မြန်စွာကြီးထွားလာသည်။ အလားတူပင်၊ ဓမ္မဟောင်းဓမ္မပညာ၏အချို့သော အစိတ်အပိုင်းများ သည် ဖြည်းဖြည်းချင်း တိုးတက်လာသည်၊ အချို့သည် အရှိန်အဟုန်အလယ်အလတ်ဖြင့် ဆက်လက် တိုးတက်လာပြီး၊ အချို့သည် လျင်မြန်စွာ ပြောင်းလဲသွားကြသည်။ ထို့ပြင် ဤအစိတ်အပိုင်းအများစု သည် ၎င်းတို့၏ကြီးထွားမှုကို မတူညီသောအချိန်များတွင်လုပ်ဆောင်ကြသည်။ အကယ်၍ ဣသရေလ ၏ယုံကြည်ခြင်း၏ကဏ္ဍတိုင်းသည် တူညီသောအရှိန်အဟုန်နှင့် တစ်ချိန်တည်းတွင် ပြောင်းလဲသွားပါက၊ အနက်ပြန်သူများအတွက် ၎င်း၏ကွဲလွဲမှုကိုသဘောတူရန် လွယ်ကူသွားမည်ဖြစ်သည်။ သို့သော် ယင်း အတိုင်းပင်၊ ဓမ္မဟောင်းသမိုင်းကို ဓမ္မပညာရှင်များက နည်းအမျိုးမျိုးဖြင့် ပိုင်းခြားထားသည်။

> သမ္မာကျမ်းစာသည် တစ်ရွေ့ရွေ့တိုးတက်နေသော ဗျာဒိတ်တော်ဖြစ်ပြီး၊ အချိန်နှင့်အမျှ ကျွန်ုပ်တို့ထံ ရောက်ရှိလာသောကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖွင့်ပြခြင်းအစီအစဉ်တွင် မည်သည့်နေရာတွင် ရှိနေသည်ကို သိရှိရန် အရေးကြီးပါသည်။ ဓမ္မပညာရှင်တို့သည် ဘုရား၏အကြံအစည်တော်ကို ခေတ်နှင့် ကာလအမျိုးမျိုးကို ပိုင်းခြားခြင်းအကြောင်း ပြောဆိုလေ့ရှိကြသည်... ဓမ္မသစ်ကျမ်းအား ဓမ္မဟောင်းနှင့်ပိုင်းခြားပုံနှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းတွင် ဥပမာများစွာရှိသည်။ ရှင်မဿဲ၏ ဆွေစဉ်မျိုးဆက်စာရင်းကို သင်စဉ်းစားကြည့် ပါ။ ၎င်းသည် အာဗြဟံနှင့် စပြီး ဒါဝိဒ်အထိ လုပ်ဆောင်သွားသည်။ ၎င်းသည် ဓမ္မဟောင်းသမိုင်းကို အာဗြဟံမှ ဒါဝိဒ်၊ ဒါဝိဒ်မှ ကျွန်ခံရာကာလ၊ ကျွန်ခံရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကာလမှသည် ခရစ်တော်ထိ ပိုင်းဖြတ်ကြည့်ထားသည်။ ယင်းသည် ဓမ္မဟောင်းသမိုင်းကို သမ္မာကျမ်းစာက ပိုင်းခြားထားသည့်နည်းလမ်းဖြစ်ပြီး၊ ၎င်း၏ထူးခြားသောအရေးပါမှုနှင့် ကျွန်ုပ်တို့ထံ မည်သို့ရောက်လာသည်ကို သိမြင်စေသည့်နည်းလမ်းဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင်လည်း ၎င်းကို ပိုင်းခြားထားသည့် အခြားနည်းလမ်းများ ရှိသေးသည်။ ရောမ အခန်းကြီး ၅ နှင့် ၁ကော အခန်းကြီး ၁၅ ထဲက ရှင်ပေါလုကို သင်စဉ်းစားကြည့်ပါ။ ပညတ်တော် မတိုင်မီနှင့် ပညတ်တော်နောက်ပိုင်း သို့မဟုတ် အာဒံနှင့် ခရစ်တော်အကြောင်း တို့ကို သင်ပြောနိုင်ပါသည်။ သို့ဖြစ်၍ ဤအရာကို လုပ်ဆောင်ဖို့ ဓမ္မသစ်က နည်းလမ်းများစွာ ပေးထားပါသည်။ ဘုရားသခင်၏အကြံညဏ် တစ်ခုလုံးကို တွေးကြည့်ပါက၊ ၎င်းကို လုပ်ဆောင်ရန်အရေးကြီးသည့်နည်းလမ်းတစ်ခုမှာ သမ္မာကျမ်းစာပဋိညာဉ်များမှတစ်ဆင့် ဖြစ်သည်ဟု ထင်ပါသည်။ အာဒံမှတဆင့်—ဖန်ဆင်းခြင်းပဋိညာဉ်—နောဧမှတစ်ဆင့်၊ အာဗြဟံမှတစ်ဆင့်—အာဗြဟံပဋိညာဉ်၊ ဣသရေလနှင့်ဆက်စပ်သောပဋိညာဉ်ဟောင်း—နှင့် မောရှေ၊ ဒါဝိဒ်ပဋိညာဉ်၊ ထို့နောက် ပဋိညာဉ်သစ်၏မျှော်လင့်ချက်၊ ဤသည်မှာ၊ ရွေးနှုတ်ခြင်းသမိုင်းကို ပဋိညာဉ်အဖြစ် ဖော်ထုတ်ပေးသည့် ဘုရားသခင်ပေး သည့်နည်းလမ်းဖြစ်ပြီး နောက်လာမည့်ပဋိညာဉ်ကိုဦးတည်ကာ နောက်ဆုံးတွင် ယေရှုခရစ်၌ အဆုံးစွန်ဆုံးဖြစ်သည်ဟုထင်သည်။ ဤသည်မှာ ကမ္ဘာဦးကျမ်းမှ ခရစ်တော်ထိ ကျွန်ုပ်တို့ မည်သို့ရွေ့ပြောင်းပုံ၊ ဘုရားသခင်၏အကြံညဏ်အားလုံး တညီတညွတ်တည်းဖြစ်ပုံအားဖြင့် အမှန်တကယ် အထောက်အကူပြု တွေးခေါ်နည်းတစ်ခုဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းသမိုင်း၊ ရွေးနှုတ်ခြင်းသမိုင်းကို ဖော်ပြရာနည်းလမ်းများတွင် ဤပဋိညာဉ်ဆိုင်ရာ ပုံစံကိုအမှန်ပင်လိုက်နာသည်။
>
> **ဒေါက်တာ Stephen J. Wellum**

ယခု ကျွန်ုပ်တို့သည် ဓမ္မဟောင်းသမိုင်း၏ ခေတ်ကာလအပိုင်းအခြားအမျိုးမျိုးကို အသိအမှတ် ပြုပြီးဖြစ်သောကြောင့်၊ အနက်ပြန်သူများစွာ လက်ခံကျင့်သုံးခဲ့သော အထောက်အကူပြုအကြမ်းဖျဉ်း ဖော်ပြချက်တစ်ခုကို သုံးသပ်ကြည့်ကြပါစို့။

## အကြမ်းဖျဉ်းဖော်ပြချက်

ဓမ္မဟောင်းသမိုင်းကို ပိုင်းခြားရန် ရေပန်းအစားဆုံးနည်းလမ်းတစ်ခုမှာ ခေတ်ကာလတစ်ခုစီကို ဘုရားသခင်၏ပဋိညာဉ်များထဲမှတစ်ခုနှင့် ပေါင်းစည်းခြင်းအားဖြင့်ဖြစ်သည်။ မိမိလူမျိုးနှင့်ဘုရားသခင်

၏ပဋိညာဉ်များသည် အမြဲတစေ သိသာထင်ရှားသောဓမ္မပညာဆိုင်ရာပြောင်းလဲမှုများပါဝင်သော ကြောင့်၊ ခေတ်ကာလအပိုင်းအခြားများအတွက် အထောက်အကူပြုနယ်နိမိတ်များကိုပေးပါသည်။

ခရစ်ယာန်ထုံးတမ်းစဉ်လာများစွာသည် ဓမ္မဟောင်းတွင်ပဋိညာဉ်တရားခြောက်ပါးကိုသတ်မှတ် ဖော်ပြသည်_ အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေနှင့် ဒါဝိဒ်တို့နှင့်ကတိထားရာပြည်မှ ဣသရေလတို့ကျွန်ခံရ ခြင်းအဆုံးတွင် ဓမ္မဟောင်းပရောဖက်များ ပရောဖက်ပြုထားသော ပဋိညာဉ်သစ်တို့ဖြစ်သည်။

အာဒံနှင့်ပတ်သက်၍၊ ကမ္ဘာဦးကျမ်း ၁–၃ ၏မှတ်တမ်းသည်"ပဋိညာဉ်" ဟု အများအားဖြင့် အနက်ပြန်ထားသော ဟေဗြဲဝေါဟာရ *berith* ကို အသုံးမပြုကြောင်း ကျွန်ုပ်တို့သတိပြုသင့်သည်။ သို့တိုင်၊ ကမ္ဘာဦးကျမ်းတွင် ဘုရားသခင်သည် အာဒံနှင့် ပဋိညာဉ်ဖွဲ့ထားကြောင်း အခိုင်အမာဆိုထား သည်။ ဥပမာတစ်ခုအနေနှင့်၊ ကမ္ဘာဦး ၆:၁၈ တွင် ဘုရားသခင်သည် နောဧနှင့် သူ၏ပဋိညာဉ်ကို "တည်စေ" မည်ဟု မိန့်တော်မူသည်။ "တည်စေမည်" ဟုပြန်ဆိုထားသောဟေဗြဲကြိယာ *qum* သည် လုံးဝအသစ်အစပြုခြင်းမဟုတ်ဘဲ ရှိပြီးသားအရာတစ်ခု၏အတည်ပြုချက်ကိုဖော်ပြရန် အသုံးပြုသည်။ ထို့ကြောင့်၊ ကမ္ဘာဦးကျမ်းသည် အာဒံနှင့်ဘုရားသခင်၏ဆက်ဆံရေးကို ပဋိညာဉ်အဖြစ်ဖော်ပြကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်သည်။ ထို့အပြင်၊ ဟောရှေ ၆:၇ တွင်၊ ပရောဖက်သည် ဘုရားသခင်နှင့် အာဒံကြားကပဋိညာဉ် သို့မဟုတ် အာဒံကိုယ်စားပြုသည့် ဘုရားသခင်နှင့် လူသားမျိုးနွယ်တစ်ခုလုံးကြား မှပဋိညာဉ်ကို ရည်ညွှန်းခြင်း ဖြစ်နိုင်ပါသည်။

နောဧနှင့်ပြုသောဘုရားသခင်၏ပဋိညာဉ်သည် ကမ္ဘာဦး ၆:၁၈ ရေလွှမ်းမိုးခြင်းမတိုင်မီနှင့် ရေလွှမ်းမိုးပြီးနောက် ၉:၉-၁၇ တွင် တွေ့ရသည်။ အာဗြဟံနှင့်ပြုသောဘုရားသခင်၏ပဋိညာဉ်ကို အာဗြဟံသည်အမွေဆက်ခံမည့်သူကို ဧနီး၏ကျွန်ဟာဂရအားဖြင့်မရှာမီ ကမ္ဘာဦး ၁၅:၁၈ နှင့် ဟာဂရ အားဖြင့်အမွေဆက်ခံသူအားရှာပြီးနောက် ၁၇:၂ တွင်ဖော်ပြထားသည်။ မောရှေအားဖြင့် ဣသရေလ လူမျိုးနှင့် ဘုရားသခင်၏ပဋိညာဉ်ကို ထွက်မြောက်ရာ ၁၉-၂၄ တွင် သိနာတောင်ခြေတွင် မှတ်တမ်းတင် ထားပြီး၊ ရဲရင့်သောလေဝိလူဖိနဟတ်နှင့် ကိုယ်တော်၏အနီးကပ်ပဋိညာဉ်ကို တောလည်ရာ ၂၅:၁၃ တွင် ဖော်ပြထားသည်။ ဒါဝိဒ်နှင့် ဘုရားသခင်၏ပဋိညာဉ်ကို ၂ ဓမ္မရာဇဝင် ၇ နှင့် ဆာလံ ၈၉ နှင့် ၁၃၂ တွင် မှတ်တမ်းတင်ထားသည်။ နောက်ဆုံးတွင်၊ ယေရမိ ၃၁:၃၁ တွင် ပဋိညာဉ်တရားသစ်တစ်ခု၏ပရောဖက် ပြုချက်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဤတူညီသောပဋိညာဉ်ကို ဟေရှာယ ၅၄:၁၀ နှင့် ယေဇကျေလ ၃၄:၂၅ တို့တွင် "ငြိမ်သက်ခြင်းပဋိညာဉ်" ဟုခေါ်သည်။ လုကာ ၂၂:၂၀ နှင့် ဟေဗြဲ ၈:၆-၁၂ တွင်ဤပဋိညာဉ် သည် ခရစ်တော်၌ရောက်ရှိလာကြောင်း သေချာစေသည်။

ဤပဋိညာဉ်များသည် သမိုင်းတွင်ဘုရားသခင် ပြင်းထန်စွာဆောင်ရွက်ခဲ့သည့်အချိန်များကို ကိုယ်စားပြုပြီး ရေရှည်တည်မြဲသော ဓမ္မပညာဆိုင်ရာအလေးပေးမှုများကို မိတ်ဆက်ပေးသည်။ ဘုရားသခင်နှင့် အာဒံ၏ပဋိညာဉ် ဆက်ဆံရေးသည် ဖန်ဆင်းခြင်း၏ဆက်စပ်မှုတွင် ဖြစ်ပေါ်လာပြီး လူသားမျိုးနွယ်၏ အပြစ်ထဲသို့ကျရှုံးခြင်းအပေါ် ဘုရားသခင်၏ကနဦးတုံ့ပြန်မှုဖြစ်သည်။ ၎င်းသည် လူသားမျိုးနွယ်၏ ဘုရားသခင်ထံအမှုဆောင်ခြင်း၏ အခြေခံအုတ်မြစ်များကို အလေးပေးဖော်ပြပြီး၊ အပြစ်သည် ဤအမှုတော်လုပ်ငန်းကို မည်ကဲ့သို့ ရှုပ်ထွေးစေခဲ့သည်ကို ဖော်ပြသည်။ ၎င်းတွင် လူသား

မျိုးနွယ်သည် ဤအမှုတော်လုပ်ငန်းတွင် နောက်ဆုံးတွင်အောင်မြင်မည်ဟု ဘုရားသခင်၏ကတိတော်ပါရှိသည်။

နောလက်ထက်တွင်၊ လူ့လောက၏ ကြောက်မက်ဖွယ်ကောင်းသော ဖောက်ပြန်ပျက်စီးမှုကြောင့် ဘုရားသခင်သည် ကြီးစွာသောရေလွှမ်းမိုးတရားစီရင်ခြင်းကို စေလွှတ်ခဲ့သည်။ နောနှင့်ပဋိညာဉ်သည် အပြစ်ရှိသောလူများအား ၎င်းတို့၏အပြစ်များကို ထိန်းချုပ်ရန်နှင့် ဘုရားသခင်ထံ၎င်းတို့၏မူလအမှုတော်လုပ်ငန်းကို ဖြည့်ဆည်းနိုင်ရန်အချိန်နှင့်အခွင့်အရေးအတွက် သဘာဝ၏တည်ငြိမ်မှုကိုတည်ဆောက်ရန် ဘုရားသခင်၏ကတိတော်ကို အလေးပေးဖော်ပြခဲ့သည်မှာ အံ့သြစရာမဟုတ်ပေ။

အာဗြဟံခေတ်တွင်၊ လူသားမျိုးနွယ်ကိုဘုရားသခင်ထံဦးဆောင်မည့် လူမျိုးအဖြစ် ဣသရေလအား ဘုရားသခင်ရွေးချယ်ခဲ့သည်။ ထို့ကြောင့်၊ အာဗြဟံနှင့်ပဋိညာဉ်သည် ဣသရေလ၏ရွေးကောက်မှုကို ဦးတည်သည်။ ဤပဋိညာဉ်ခေတ်ကာလသည် ဣသရေလလူမျိုးအနေဖြင့် ဘုရားသခင်၏ကတိတော်များကို ယုံကြည်ရန်နှင့် ကိုယ်တော်အပေါ် သစ္စာရှိရန် လိုအပ်ကြောင်း အလေးပေးဖော်ပြသည်။

ဘုရားသခင်သည် ဣသရေလလူတို့ကို အီဂျစ်ပြည်၌ ကျွန်ခံခြင်းမှကယ်နုတ်ပြီး ကတိထားရာပြည်သို့ ပို့ဆောင်ပြီးနောက် မောရှေအားဖြင့် ပဋိညာဉ်ဖွဲ့ခဲ့သည်။ ဤပဋိညာဉ်သည် ဣသရေလလူတို့ ဘုရားသခင်ထံ အမှုတော်ထမ်းဆောင်ရာတွင် လမ်းညွှန်ပေးသည့် မောရှေပြဋ္ဌာန်းခဲ့သောအမျိုးသားရေးဆိုင်ရာပညတ်ချက်ဆီသို့ ဦးတည်သွားသည်မှာ အံ့သြစရာမဟုတ်ပေ။

ဒါဝိဒ်လက်ထက်တွင်၊ ဘုရားသခင်သည် ဒါဝိဒ်ကို ဣသရေလရှင်ဘုရင်အဖြစ် ချီးမြှောက်ခဲ့သည်။ ဒါဝိဒ်နှင့်သူ၏ပဋိညာဉ်သည် ဣသရေလ၏အင်ပါယာချဲ့ထွင်မှုကို ဦးဆောင်မည့် အမြဲတမ်းတော်ဝင်မျိုးဆက်အဖြစ် ဒါဝိဒ်၏မိသားစုကိုတည်ထောင်ခဲ့သည်။ ဤချဲ့ထွင်မှုသည် ဘုရားသခင်ထံ ဣသရေလလူမျိုး၏အမှုတော်ဆောင်ခြင်း၏ အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။

နောက်ဆုံးတွင်၊ ဘုရားသခင်သည် သမိုင်းအားလုံးကို ပြည့်စုံစေသောအခါ၊ ပဋိညာဉ်အသစ်သည် ဣသရေလတို့ကျွန်ခံခြင်း၏အဆုံးတွင်ရောက်ရှိလာမည်ဟု ဓမ္မဟောင်းပရောဖက်များ ပရောဖက်ပြုခဲ့သည်။ မေရှိယသည် ဘုရားသခင့်လူမျိုးကိုရွေးနုတ်ပြီး ဘုရားသခင့်နိုင်ငံတော်ကို ကမ္ဘာအနှံ့ ဖြန့်ကြက်မည်ဖြစ်သည်။

ဘုရားသခင်၏ပဋိညာဉ်တစ်ခုစီတိုင်းသည် လူသားများနှင့်ပတ်သက်သည့် ကွဲပြားသောနည်းလမ်းများကို ချမှတ်ခဲ့ကြပြီး၊ တစ်ခုစီသည် ကိုယ်တော်၏သစ္စာရှိလူများကို ကိုယ်တော်၏အမှုတော်တွင်လိုက်နာရန် အခြေခံမှုအသစ်များပေးသည်။

ကျွန်ုပ်တို့၏ခေတ်ကာလအပိုင်းအခြားများအကြောင်း ဆွေးနွေးမှုတွင်၊ ယခုအချိန်အထိ သမ္မာကျမ်းစာသမိုင်းကြောင်းကို ပိုင်းခြားထားသည့် နည်းလမ်းအမျိုးမျိုးကိုတွေ့မြင်ရပြီးနောက်၊ ခေတ်ကာလနှင့်ပတ်သက်သည့် အထောက်အကူပြုအကြမ်းဖျဉ်းဖော်ပြချက်ကို ပေးပါသည်။ ယခုတွင်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ မျက်မှောက်ခေတ်ကျင့်သုံးခြင်းတွင် ဤအကြမ်းဖျဉ်းဖော်ပြချက်၏ သက်ရောက်မှုအချို့ကို ကြည့်ရှုရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

# ပတ်သက်မှုများ

ဓမ္မဟောင်း၏ခေတ်ကာလအလိုက် ပိုင်းခြားထားချက်များက ဘုရားသခင်သည် မိမိ၏လူများကို အချိန်အသီးသီးတွင် မတူညီသောနည်းလမ်းများဖြင့် ဓမ္မပညာဆိုင်ရာအကြောင်းအရာများကို နားလည်သဘောပေါက်ပြီး ကျင့်သုံးစေလိုကြောင်း ထင်ရှားသည်။ ဓမ္မဟောင်းယုံကြည်သူများသည် သမိုင်း၏အစောပိုင်းကာလများတွင် အသက်ရှင်သကဲ့သို့ ဘုရားသခင်ကိုအစေခံရန် မသင့်သကဲ့သို့၊ ဓမ္မသစ်ယုံကြည်သူများသည် သမိုင်း၏အစောပိုင်းကာလများတွင် အသက်ရှင်သကဲ့သို့ သမ္မာကျမ်းစာကို မည်သည့်အခါမှ မကျင့်သုံးသင့်ပါ။

သင်သည် ဘုရားသခင်၏ဗိမာန်တော်ကို ယေရုရှလင်မြို့၌ရှောလမုန်တည်ဆောက်ပြီးနောက် အသက်ရှင်သည့် ဣသရေလလူမျိုးတစ်ဦးဖြစ်ကြောင်း မြင်ယောင်ကြည့်ပါ။ ဒါဝိဒ်၏ပဋိညာဉ်ခေတ်တွင် အသက်ရှင်နေကြောင်းကို သင်သိသည်။ မောရှေခေတ်အစောပိုင်းတွင် ဣသရေလများသည် မောရှေ၏တဲတော်တွင် ယဇ်ပူဇော်ခဲ့ကြောင်း သင်သိသည်။ သင့်ခေတ်တွင်၊ ဗိမာန်တော်၌သာယဇ်ပူဇော်ရန် ဘုရားသခင်မိန့်မှာထားသည်ကိုလည်း သင်သိသည်။ သင်၏သမိုင်းကြောင်းအရ၊ မောရှေ၏တဲတော်၌ ယဇ်ပူဇော်ခြင်းသည် ဘုရားသခင်၏အလိုတော်ကို ချိုးဖောက်ခြင်းဖြစ်လိမ့်မည်။ သင်သည် မောရှေ၏ပဋိညာဉ်အောက်တွင် အသက်ရှင်ပြီး အာဗြဟံနှင့် အခြားဘိုးဘေးများကဲ့သို့ နေရာအသီးသီးတွင် ယဇ်ပလ္လင်များတည်ဆောက်ကာ ယဇ်ပူဇော်ခြင်းကိုပြုပါက အလားတူဖြစ်လိမ့်မည်။ ဘုရားသခင်သည် ယဇ်ပူဇော်ခြင်းအတွက် နည်းလမ်းသစ်ကို မိန့်တော်မူသည်နှင့်တပြိုင်နက် သူ၏လူများသည် နည်းလမ်းဟောင်းများသို့ လုံးဝပြန်မလာရန် မျှော်လင့်ခဲ့သည်။

ထိုနည်းတူ၊ ဓမ္မဟောင်းကျမ်း၏ဝတ်ပြုခြင်း၌ ယဇ်ပူဇော်ခြင်းအကြောင်း မျက်မှောက်ခေတ်ကျင့်သုံးခြင်းကို စဉ်းစားသောအခါ၊ ပဋိညာဉ်တရားသစ်၏ခေတ်တွင် ကျွန်ုပ်တို့အသက်ရှင်ကြောင်း သတိပြုရမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် အကြိမ်ကြိမ်ရှင်းပြထားသကဲ့သို့၊ ခရစ်တော်၏တစ်ကြိမ်တစ်ခါတည်းဖြင့်၊ ပြီးပြည့်စုံသောပူဇော်သက္ကာသည် အစောပိုင်းပူဇော်သက္ကာပုံစံအားလုံးကို အစားထိုးခဲ့သည်။ လက်ဝါးကပ်တိုင်တွင် ကိုယ်တော်၏အသေခံခြင်းက ဘုရားသခင်၏သစ္စာရှိလူများသည် ဘုရားဝတ်ပြုကိုးကွယ်ခြင်း၌မည်ကဲ့သို့ယဇ်ပူရမည်ကိုပြောင်းလဲစေခဲ့သည်။ ထို့ကြောင့် ဓမ္မသစ်ဟေဗြဲကျမ်းရေးသူသည် ဓမ္မဟောင်းယဇ်ပူဇော်ခြင်းသို့ ပြန်လိုသောခရစ်ယာန်များကို ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ ဦးစွာ၊ ယေရမိ ၃၁ တွင်ယေရမိပရောဖက်ပြုခဲ့သော ပဋိညာဉ်သစ်ကို ခရစ်တော်ကတိကဝတ်ပြုခဲ့သည်ဟု သူစောဒကတက်ခဲ့သည်။ ထို့နောက် ပဋိညာဉ်သစ်သည် ယဇ်ပူဇော်မှုစနစ်ဟောင်းကို ပျက်ပြယ်စေသည်ဟု သူဆိုသည်။ ဟေဗြဲ ၈:၁၃ တွင် သူရေးထားသည်ကို နားထောင်ပါ_

> ပဋိညာဉ်တရားသစ်ဟူ၍ မိန့်တော်မူသည်တွင် ပဌမပဋိညာဉ်တရားကို ဟောင်းစေတော်မူ၏။ ရွေ့လျော့၍ ဟောင်းသောအရာမည်သည်ကား၊ ကွယ်ပျောက်ခြင်း သို့ရောက်လုနီးသတည်း (ဟေဗြဲ ၈:၁၃ )။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤတွင်၊ ဟေဗြဲကျမ်းရေးသူက ပဋိညာဉ်အသစ်ရောက်ရှိလာခြင်းသည် "အသုံးမပြုတော့" သို့မဟုတ် "ခေတ်မမီတော့" ဟုပြန်ဆိုနိုင်သော ဂရိအသုံးအနှုန်း *palaioō* ကို အသုံးပြု၍ နည်းလမ်းဟောင်းများကို "ဟောင်းစေသည်" ဟုဆိုခဲ့သည်။

ခရစ်တော်၏နောက်လိုက်များသည် ဓမ္မဟောင်းကျမ်းကို စွန့်ပစ်ပြီး ၎င်း၏သွန်သင်ချက်ကို ဂရုမစိုက်သင့်ဟု ယုံကြည်သူခရစ်ယာန်များစွာ ဤအရာအပေါ်နားလည်မှားသည်ကို ကျွန်ုပ်တို့သတိထားရမည်ဖြစ်သည်။ သို့သော် သမ္မာတရားနှင့် မည်သည့်အရာမှမကွာနိုင်ပါ။ ဟေဗြဲကျမ်းကိုယ်တိုင်က ခရစ်ယာန်များအတွက် ဓမ္မဟောင်းကျမ်းကိုကျင့်သုံးသည်။ ၎င်း၏ကျမ်းရေးသူသည် ဓမ္မဟောင်းကျမ်းနှင့် ခရစ်ယာန်များ မသက်ဆိုင်ကြောင်းကို ပြောနေခြင်းမဟုတ်ပါ။ ယင်းအစား၊ ကျွန်ုပ်တို့သည် မတူညီသော ခေတ်တွင် အသက်ရှင်ကြောင်းနှင့် ပဋိညာဉ်သစ်သည် ကျွန်ုပ်တို့အား ယဇ်ပူဇော်ခြင်းအလေ့အကျင့်ကို ပြန်လည်လုပ်ဆောင်ရန် တောင်းဆိုသည်ဟု သူပြောခဲ့သည်။ ကျွန်ုပ်တို့သည် ရှေးဟောင်းလမ်းစဉ်များကို လျစ်လျူမရှုသော်လည်း၊ ရှေးကာလ၌အသက်ရှင်ဆဲကဲ့သို့ ဘုရားသခင်ကိုအစေခံရန် မည်သည့်အခါမှ မကြိုးစားသင့်ပါ။

နောက်ထပ်ထူးခြားထင်ရှားသော ဥပမာတစ်ခုမှာ တိုက်ပွဲတွင် ခေါင်းဆောင်မှုအကြောင်းအရာဖြစ်သည်။ သင်သည် ဒါဝိဒ်၏မင်းဆက်ပဋိညာဉ်ကာလတွင် အသက်ရှင်နေသည်ဟု မြင်ယောင်ကြည့်ပါ။ ဘုရားသခင်သည် ဒုစရိုက်ကိုစစ်တိုက်ရာတွင် ကိုယ်တော်၏လူတို့ကိုဦးဆောင်စေခြင်းငှာ ဣသရေလရှင်ဘုရင်တို့ကို ခန့်ထားတော်မူသည်ကို သင်သိသည်။ ဘုရင်များသည် ဘုရားသခင်ထံမှ လမ်းညွှန်မှုကို ရရှိကြပြီး၊ စစ်တိုက်ရာတွင် သင်ပါဝင်ရမည့်နည်းလမ်းများကို တစ်ဖန်ညွှန်ကြားသည်။ ယခုသင်သည် ဒါဝိဒ်မင်းကိုပုဂ္ဂိုလ်ရေးအရမကြိုက်ကြောင်းနှင့် မောရှေ၏အမျိုးသားရေးဆိုင်ရာပညတ်ချက်၏ ပဋိညာဉ်ခေတ်သို့ ပြန်သွားလိုကြောင်း စိတ်ကူးကြည့်ပါ။ ဂိဒေါင်ကဲ့သို့သော ဒေသခံတရားသူကြီးတစ်ဦး သို့မဟုတ် ယောရှုကဲ့သို့သော ဇဖရိမ်လူ သို့မဟုတ် မောရှေကဲ့သို့ လေဝိသားသည် သင့်ဘိုးဘေးများပြုသည့်အတိုင်း လိုက်လျှောက်သည်ကို သင့်အနေဖြင့်လိုလားမည်ဖြစ်သည်။ သို့သော် ဒါဝိဒ်၏ဘုရင်မင်းမျိုးအစား၊ ဤသူတစ်ဦးနောက်သို့ သင်လိုက်ပါက အပြစ်ဖြစ်လိမ့်မည်။ သင်သည် သင်၏ခေတ်ကာလအတွက် ဘုရားသခင်၏အမိန့်တော်ကို ချိုးဖောက်နေလိမ့်မည်။ သင်သည် မောရှေခေတ်တွင် အသက်ရှင်သော်လည်း၊ အာဗြဟံ၏ ပဋိညာဉ်ခေတ်တွင် ဘုရားသခင့်လူမျိုးတို့ပြုသည့်အတိုင်း လူမျိုးစုဘိုးဘေးတစ်ဦးနောက်သို့လိုက်ပါက သင်သည် အလားတူအမှားမျိုး ကျူးလွန်လိမ့်မည်ဖြစ်သည်။ ခေတ်တိုင်းတွင်၊ ထိုခေတ်ကာလအတွက် ဘုရားသခင် ချမှတ်ထားသော စစ်ခေါင်းဆောင်မှုကို ကျွန်ုပ်တို့လိုက်နာရန် လိုအပ်သည်။

၎င်းတွင် မျက်မှောက်ခေတ်ခရစ်ယာန်များပါဝင်သည်။ ပဋိညာဉ်တရားသစ်အောက်တွင် အသက်ရှင်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဒါဝိဒ်၏သားတော်ကြီး ယေရှုနောက်သို့ လိုက်ကြသည်။ သူသည် ကျွန်ုပ်တို့၏ဘုရားသခင် ခန့်အပ်သောရှင်ဘုရင်ဖြစ်သည်။ ဘုရားသခင်သည်သူ့အား သူ၏လူများကို နတ်ဆိုးတို့ကို တွန်းလှန်တိုက်ခိုက်ရာတွင်ဦးဆောင်ရန် သီးသန့်အခွင့်အရေးကို ပေးထားသည်။ သို့သော် ၎င်းကိုကျွန်ုပ်တို့မည်သို့ပြုမည်နည်း။ စစ်ပွဲအတွက် ကျွန်ုပ်တို့၏လက်ရှိဗျူဟာသည် အဘယ်နည်း။ ဧဖက် ၆:၁၂ တွင် ပဋိညာဉ်စစ်ပွဲအကြောင်း တမန်တော်ပေါလု ရှင်းပြပုံကို နားထောင်ပါ_

> အကြောင်းမူကား ကျွန်ုပ်တို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏ (ဧဖက် ၆း၁၁-၁၂)။

၎င်းသည် မောရှေနှင့် ဒါဝိဒ်ကဲ့သို့သော ခေါင်းဆောင်များသည် ဘုရားသခင့်လူမျိုးကို ရုပ်ပိုင်းဆိုင်ရာ၊ အသွေးအသားနှင့် တိုက်ပွဲများကိုဦးဆောင်ခဲ့ကြသည့် အစောပိုင်းခေတ်ကာလများနှင့် အလွန်ကွာခြားသည့် နည်းဗျူဟာဖြစ်သည်။ ဝိညာဉ်ရေးတိုက်ပွဲများလည်း ရှိသေးသည်၊ သို့သော် ဤခေါင်းဆောင်များသည် ဘုရားသခင်၏ ဝိညာဉ်ရေးတပ်များကို ဦးဆောင်ခြင်းမပြုပါ။ ဆန့်ကျင်ဘက်အားဖြင့်၊ ယေရှုသည် အသင်းတော်အား ရုပ်ပိုင်းဆိုင်ရာတိုက်ပွဲများသို့ မဦးဆောင်ပါ။ သို့သော် ကိုယ်တော်သည် ဝိညာဉ်ရေးစစ်ပွဲတွင်ကျွန်ုပ်တို့အား ဦးဆောင်စေပြီး၊ ကျွန်ုပ်တို့သည် ဤဗျူဟာပြောင်းမှုကို လျစ်လျူရှုပါက ဘုရားသခင်၏အလိုတော်ကို ချိုးဖောက်ခြင်းဖြစ်ပါသည်။

> ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်း၏တိုက်ပွဲများနှင့် စစ်ပွဲများကို အဓိကအားဖြင့် ဘုရားသခင်နှင့်စာတန်ကြား၊ ဘုရားသခင်၏လူများနှင့် စာတန်ကြား၌ ဘုရားသခင်၏ အစီအစဉ်ကိုဖျက်ဆီးရန် ကြိုးစားနေသည့်ကြီးမားသော တိုက်ပွဲ၏တစ်စိတ်တစ်ပိုင်းအဖြစ် မြင်သည်။ ထို့ကြောင့် ဧဖက် ၆ ကို တွေးကြည့်မည်ဆိုလျှင်၊ သင်သည် စာတန်၏နတ်ဆိုးတို့ကို ဆန့်ကျင်ခြင်းဖြစ်ပြီး၊ ခရစ်ယာန်များသည်ဤတိုက်ပွဲတွင် အခိုင်အမာရပ်တည်နိုင်ရန် ဘုရားသခင်၏ ချပ်ဝတ်တန်ဆာအပြည့်အစုံကို ဝတ်ဆင်ထားရမည်ဖြစ်ကာ၊ ဤတူညီသော တိုက်ပွဲတွင်ရှိနေသော ယနေ့ခေတ် ခရစ်ယာန်များနှင့်လည်း သက်ဆိုင်ပါသည်။
>
> **ဒေါက်တာ P. J. Buys**

> ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းကျမ်း၏ ဝိညာဉ်ရေးနှင့် အမျိုးသားရေး စစ်ပွဲကို သရုပ်ဖော်ထားပြီး အချို့သောနည်းလမ်းများဖြင့် ၎င်းကို အမှန်တကယ် အစွန်းရောက်စေကာ၊ ယနေ့ခေတ် လူတို့သိကြသည့်နည်းလမ်းထက် အလွန် ကွဲပြားခြားနားသော လမ်းကြောင်းတွင် အသုံးပြုကြသည်။ ရှေးဦးစွာ၊ ခရစ်တော်သည် ဝိညာဉ်ရေးစစ်ပွဲကို တိုက်ခိုက်ရန် ကြွလာခဲ့သည်။ မှောင်မိုက်ကိုအနိုင်ယူရန် ကြွလာတော်မူသည်ဟု ယောဟန် ၁ က ကျွန်ုပ်တို့အား ပြောပြသည်။ သူ့ကိုနားမလည်သည့်မှောင်မိုက်သည် အမှန်တကယ် ပြဿနာမဟုတ်ဘဲ သူ့ကိုအနိုင်ယူရန်ကြိုးစားသည့်မှောင်မိုက်သည်သာ ပြဿနာဖြစ်သည်၊ မှောင်မိုက်နှင့်သူစစ်ပွဲဆင်နွှဲနေသည်၊ အထူးသဖြင့် ယောဟန်၏ခရစ်ဝင်ကျမ်းတွင် ၎င်းကို ကျွန်ုပ်တို့တွေ့ရသည်။ ထို့ကြောင့်၊

> ခရစ်တော်သည် ဤလောက၏အုပ်စိုးရှင်ဖြစ်သည့် စာတန်ကို ဆန့်ကျင်တိုက်ခိုက်ရန် ဘုရားသခင်၏စစ်သည်အဖြစ် ကြွလာခဲ့သည်။ အမှန်တကယ်တွင်၊ ယောဟန် ၁၂ ၌ ယေရှုသည် သူ၏ဘုန်းထင်ရှားခြင်း အချိန်သည်ယခုရောက်လာပြီ၊ ၎င်းသည်လက်ဝါးကပ်တိုင်၌ အသေခံမည့်အချိန်ဖြစ်ပြီး ထိုအချိန်တွင် ဤလောက၏အုပ်စိုးရှင်သည် နှိမ့်ချခံရမည်ဟု မိန့်တော်မူသည်...ထို့ကြောင့် ကျွန်ုပ်တို့၏စစ်ပွဲအတွက် လက်နက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်၊ ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်းစသည်တို့ဖြစ်သည်ဟု ဧဖက် ၆ တွင်ပေါလုပြောသကဲ့သို့ ဤအရာသည် ပထဝီနိုင်ငံရေး၊ အမျိုးသားရေးစစ်ပွဲမဟုတ်ဘဲ ခရစ်ယာန်များသည် စစ်ကိုရှုမြင်ပုံတွင် အမျိုးသားရေးစိတ်ဓာတ်မဖြစ်ရဟု ပေါလုဆိုသည်...၎င်း၌ ဓားနှင့်လက်ဝါးကပ်တိုင် ရှိသည်၊ လူသားများဖြစ်သည့်ကျွန်ုပ်တို့၏သဘောထားသည် လက်ဝါးကပ်တိုင်ကို ချလိုက်ပြီး ဓားကိုကောက်ကိုင်မည်ဖြစ်သည်။ သို့သော် ယေရှုက မိမိလက်ဝါးကပ်တိုင်ကိုထမ်းပြီး သူ့နောက်မလိုက်သောသူအဘယ်သူမှ သူ၏တပည့်မဖြစ်နိုင်ဟု ဆိုသည်။ ထို့ကြောင့် ယနေ့ဝိညာဉ်ရေးစစ်ပွဲကိုကျွန်ုပ်တို့ တိုက်ထုတ်သည့်နည်းလမ်းမှာ လက်ဝါးကပ်တိုင်တွင်လည်းကောင်း၊ ကိုယ်တော်၏မြေကြီးအသက်တာနှင့် ဓမ္မအမှုတော်တစ်ခုလုံးတွင် လည်းကောင်းပြခဲ့သော ကိုယ်ကျိုးစွန့်သည့်မေတ္တာဖြင့် ဖြစ်သည်။
>
> **— Rev. Mike Glodo**

ဘုရားသခင်သည် သူ၏လူများကို သူတို့အသက်ရှင်ခဲ့သည့် ပဋိညာဉ်ခေတ်နှင့်အညီ သူ့အား အစေခံရန် အမြဲမျှော်လင့်ထားသည်။ ထို့ကြောင့်၊ ဓမ္မဟောင်းသမိုင်းကို အဓိကပဋိညာဉ်ခေတ်များအဖြစ် ပိုင်းခြားနားလည်ခြင်းသည် ကျွန်ုပ်တို့ခေတ်တွင် သမ္မာကျမ်းစာကို ကျင့်သုံးရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ဘုရားသခင်သည် နာရီကို နောက်ပြန်လှည့်မည့်အစား သမိုင်းကို ရှေ့သို့မရွေ့ဘဲထားပါက၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသော ပဋိညာဉ်တရားသစ်ဆီသို့ ဓမ္မပညာဆိုင်ရာအကြောင်းအရာအားလုံး ကိုပဋိညာဉ်ခေတ်တစ်လျှောက်လုံးခြေရာခံရန် လိုအပ်သည်။

ယခု ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်း၏ ခေတ်ကာလအပိုင်းအခြားများနှင့်ပတ်သက်၍ မျက်မှောက်ခေတ်ကျင့်သုံးခြင်းနှင့် ဓမ္မဟောင်းခေတ်များကို သုံးသပ်ပြီးနောက်၊ မျက်မှောက်ခေတ် ကျင့်သုံးခြင်းကို အသိပေးသင့်သည့်ခေတ်ကာလဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကို ရှာဖွေကြပါစို့။

# ခေတ်ကာလဖွံ့ဖြိုးတိုးတက်မှုများ

ခေတ်ကာလ ဖွံ့ဖြိုးတိုးတက်မှုများ၏ သဘောတရားကို သရုပ်ဖော်ရန်၊ ကြီးထွားလာသော သစ်ပင်တစ်ပင်အကြောင်း တစ်ဖန်ပြန်တွေးကြည့်ကြပါစို့။ ယခုအခါ၊ သင့်ထံတွင်မျိုးစေ့အား ရိုက်ထားသောဓာတ်ပုံတစ်ပုံနှင့် ၎င်းအစေ့မှပေါက်လာသော သစ်ပင်အားရိုက်ထားသောဓာတ်ပုံတစ်ပုံ ရှိသည်ဟု စိတ်ကူးကြည့်ပါ။ အစေ့နှင့်သစ်ပင်သည် ကွဲပြားလွန်းသဖြင့် ၎င်းတို့သည် မတူညီသောအချိန်များတွင် တူညီသည်ဟုဆိုခြင်းသည် ယုံရခက်သည်။ သို့သော် သူတို့ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အသီးသီးတွင် အလွန်တူညီသော သက်ရှိများဖြစ်သည်။ ထိုအရာကို သက်သေပြဖို့ရန် ၎င်းတို့၏DNAတွင်တူညီသော မျိုးရိုးဗီဇတည်ဆောက်ပုံများရှိပါသည်။

အလားတူပင်၊ ဓမ္မဟောင်းခေတ်ကာလ၏ ယခင်နှင့် နောက်ပိုင်းကာလများတွင် ၎င်းတို့အကြား မရေမတွက်နိုင်သော ဓမ္မပညာဆိုင်ရာ ကွဲပြားမှုများရှိသည်။ သို့သော် သူတို့၏အရင်းခံ ဓမ္မပညာဆိုင်ရာ တည်ဆောက်ပုံများ၊ သူတို့၏ DNA များကို လေ့လာမည်ဆိုလျှင်၊ ဤဓမ္မပညာဆိုင်ရာ ပြောင်းလဲမှုများ သည် ယုံကြည်ခြင်းတစ်ခုတည်း၏ ကြီးထွားလာသည့်ဇီဝကမ္မဖြစ်စဉ်များ၏ရောင်ပြန်ဟပ်နေမှုကို တွေ့ရသည်။

ဓမ္မဟောင်းခေတ် တိုးတက်မှုများကို အပိုင်းလေးပိုင်းဖြင့် လေ့လာပါမည်။ ဦးစွာ၊ ဤတိုးတက်မှု များနောက်ကွယ်ရှိ အဓိကဇာတ်ကောင်နှစ်ဦးသည် သမ္မာကျမ်းစာသမိုင်းတစ်လျှောက် တသမတ်တည်း ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဒုတိယ၊ ခေတ်ကာလတစ်ခုစီသည် အခြားခေတ်ကာလများနှင့် ပေါင်းစည်းချိတ်ဆက်ထားသည်ကို တွေ့ရပါမည်။ တတိယ၊ ဓမ္မဟောင်းကျမ်းရေးသူများသည် အစောပိုင်းကာလများကို နောက်ပိုင်းပရိသတ်များအတွက် မကြာခဏအသုံးပြုသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ စတုတ္ထ၊ ဤကျင့်သုံးခြင်းများပြုလုပ်ရန် ဓမ္မဟောင်းကျမ်းရေးသူများ မှီခိုအားထားသည့် ခေတ်ကာလများအကြား ချိတ်ဆက်မှုအချို့ကို ကျွန်ုပ်တို့ မီးမောင်းထိုးပြပါမည်။ သမ္မာကျမ်းစာသမိုင်း၏ အဓိကဇာတ်ကောင်များနှင့် စတင်ကြပါစို့။

## ဇာတ်ကောင်များ

သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော သမိုင်းတစ်လျှောက်တွင်၊ တူညီသောဇာတ်ကောင် များသည် ကောင်းမြတ်သောစွမ်းအားနှင့် နတ်ဆိုးတို့ကြား ကြီးမားသောပဋိပက္ခတွင် ပါဝင်နေသည်ကို တွေ့ရသည်။

စာပေအားဖြင့်ဆိုရသော်၊ ကောင်းမြတ်သောစွမ်းအားများကို ဇာတ်လမ်း၏ဇာတ်လိုက် သို့မဟုတ် သူရဲကောင်းတို့က ဦးဆောင်ပြီး၊ ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်ဟုဆိုနိုင်သည်။ ထို့ပြင် နတ်ဆိုးတို့၏ တွန်းအားများကို ဆန့်ကျင်ဘက်ပြုသူ သို့မဟုတ် ကြမ်းတမ်းသူသည် ဦးဆောင်သည်။ သူသည် သူ၏ ပန်းတိုင်ကို ပြီးမြောက်အောင် ဘုရားသခင်အားတားဆီးရန်ကြိုးစားသည့် အလွန်ဆိုးညစ်သောဖန်ဆင်းခံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာတန်ဖြစ်သည်။ စာတန်သည် အလွန်အားကောင်းပြီး ထက်မြက်သည်။ သို့သော် သူသည် ဖန်ဆင်းရှင်၏အချုပ်အခြာအာဏာ ထိန်းချုပ်မှုအောက်တွင် အမြဲရှိနေသည့် ဖန်ဆင်းခံဖြစ်သည်။ သို့တိုင်၊ ဘုရားသခင့်ပြဇာတ်ကိုပြနေချိန်တွင် ဆန့်ကျင်ဘက်ပြုရန် ဘုရားသခင်သည် သူ့အားခွင့်ပြုထားသည်။

ဘုရားသခင်သည် သူ၏ကောင်းကင်ပလ္လင်မှအုပ်စိုးပြီး သူ၏ထက်မြက်သော ဂုဏ်ကျက်သရေနှင့်ကောင်းကင်နန်းတော်ကို ပြည့်စေသော ဖန်ဆင်းရှင်-ဘုရင်ဖြစ်သည်။ ကောင်းကင်ဘုံ၌ အမှုထမ်းဆောင်နေသော ဖန်ဆင်းခံတို့သည် ကိုယ်တော်ကိုချီးမြှောက်ကြသည်။ သို့သော် ဘုရားသခင်သည် မြေကြီးတပြင်လုံးတွင် သူ၏ဘုန်းအသရေကို မြင့်တင်ရန် အမြဲသန္နိဋ္ဌာန်ချထားခဲ့သည်။ ဤပန်းတိုင်ကိုပြီးမြောက်စေရန်၊ ဘုရားသခင်သည် သူ၏နိုင်ငံတော်ကို ကမ္ဘာမြေကြီးသို့တိုးချဲ့ရန် စီစဉ်နေသောကြောင့် ကမ္ဘာမြေကြီးသည် ကောင်းကင်သဖွယ်ဖြစ်လာသည်။ ထိုသို့ဖြစ်သောအခါ၊ အထက်အရပ်၊ အောက်အရပ်၊ မြေကြီးပေါ် ရှိဖန်ဆင်းခံတိုင်းသည် သူ့အား အဆုံးမဲ့ကိုးကွယ်မှုနှင့် ချီးမွမ်းကြလိမ့်မည်။ ဘုရားသခင်သည် ဤနောက်ဆုံးသောကာလတိုင်အောင် လုပ်ဆောင်နေသော များပြားလှသောဝိညာဉ်များကိုအသုံးပြုသည်။ သို့သော် သူသည်သူ၏မြေကြီးပုံသဏ္ဍာန်၊ လူသားဆန်မှု၊ ကမ္ဘာမြေကြီးကို ဖြည့်ဆီးပေးသည့် ဂုဏ်အသရေကို ပေးသနားထားသည်။ သမ္မာကျမ်းစာတစ်လျှောက်တွင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုန်းတော်ကို အဆုံးစွန်သောပြသရန်အတွက် ကမ္ဘာကြီးကိုပြင်ဆင်ပေးသည့် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ်သည်။

ပဋိပက္ခ၏အခြားတစ်ဖက်တွင်၊ စာတန်သည် ဘုရားသခင်အတွက်လူသားမျိုးနွယ်၏ ကမ္ဘာမြေကြီးကိုပြည့်စေ၍ နိုင်ခြင်းမှတားဆီးရန်ကြိုးစားခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ပျံ့နှံ့မှုကို တွန်းလှန်ခဲ့သည်။ မြေကြီးတပြင်လုံးတွင် ဘုရားသခင်၏နိုင်ငံတော်ပျံ့နှံ့မှုကို တွန်းလှန်ရန်အတွက်၊ စာတန်သည် နာမ်ဝိညာဉ်များနှင့် လူသားများစွာကို ဘုရားသခင်အားပုန်ကန်စေပြီး၊ ဘုရားသခင်၏ ဝိညာဉ်ရေးအစေခံများနှင့် လူ့အစေခံများကြား ပဋိပက္ခဖြစ်စေသည်။ သူသည် မုသား၊ လှည့်ဖြားမှု၊ မှားယွင်းသောဘာသာတရားနှင့် ကျရှုံးသောလူသားများ၏ အပြစ်လိုအင်ဆန္ဒများ အပါအဝင် နည်းလမ်းများစွာဖြင့် လူသားနှင့်မဟာမိတ်ပြုထားနိုင်သည်။

> ဇာတ်လမ်းကောင်းတိုင်းတွင် သူရဲကောင်းတစ်ဦးရှိကာ ထိုသူရဲကောင်းကို ဆန့်ကျင်သူလည်း ရှိပါသည်။ ၎င်းတွင် ဇာတ်လမ်း၏အဓိကဇာတ်ကောင်ဖြစ်သော ဇာတ်လိုက်နှင့် ထိုဇာတ်ကောင်ကို ဆန့်ကျင်သည့်ဆန့်ကျင်ဘက်ဇာတ်ကောင်များရှိသည်။ သမ္မာကျမ်းစာသည် ဇာတ်လမ်းအားလုံးတွင် အကြီးကျယ်ဆုံးဖြစ်ပြီး၊ ဓမ္မဟောင်းကျမ်းမှတစ်ဆင့် သင်ဖတ်ရှုသည့်အတိုင်း ဘုရားသခင်နှင့် ကိုယ်တော်၏ကတိထားရာမေရှိယနှင့် ထိုမေရှိယကြွလာခြင်းကို အရာအားလုံးဖြင့်တားဆီးရန် ကြိုးစားလုပ်ဆောင်နေသော မာရ်နတ်ကြားတွင် တိုက်ပွဲတစ်ခုရှိနေသည်မှာ အံ့သြစရာမဟုတ်ပါ။ ထို့ကြောင့် မာရ်နတ်ကို ချေမှုန်းမည့်သူသည် မိန်းမ၏အမျိုးအနွယ်မှမွေးဖွားမည်ဟု ဘုရားသခင်ကတိပြုသောအခါ ဒေင်ဥယျာဉ်တွင် ရှိနေပြီဖြစ်ပြီး၊ ထိုအချိန်မှစ၍

မာရ်နတ်သည် ဘုရားသခင်အားအချိန်တိုင်းဆန့်ကျင်နေသည်ကို မြင်တွေ့ရသည်။ သိသာထင်ရှားစွာပင်၊ ကလေးတစ်ဦးမွေးဖွားစဉ်တွင်၊ ထိုကလေးငယ်၏ အသက်ကို မာရ်နတ်သည်ကြိမ်ဖန်များစွာ လုယူရန်ကြိုးစားသည် သို့မဟုတ် ဘုရားသခင်၏လူများ ကြီးပွားတိုးတက်နေချိန်တွင် ၎င်းတို့အားဖမ်းဆီးကာ နှိပ်စက်ညှဉ်းပန်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်း တစ်လျှောက်လုံး ဤဇာတ်လမ်းသည် အချိန်နှင့်အမျှ အကြိမ်ကြိမ် လုပ်ဆောင်နေသည်ကို သင်တွေ့မြင်ရမည်ဖြစ်သည်။

**ဒေါက်တာ Philip Ryken**

ဓမ္မဟောင်းသမိုင်း၏ဇာတ်ကြောင်းတွင်၊ မူလကတည်းကပင် ဘုရားသခင်သည် ဇာတ်လိုက်ဖြစ်ပြီး စာတန်သည် ဆန့်ကျင်ဘက်ဖြစ်သည်။ ဤအရာကို ဥယျာဉ်၌ အစကတည်းကပင် သင်မြင်တွေ့ရပြီးဖြစ်သည်၊ အကြောင်းမှာ အာဒံနှင့်ဧဝတို့ကို စုံစမ်းနှောင့်ယှက်သောသူသည် စာတန်ဖြစ်ပြီး၊ သူသည်ဘုရားသခင်ကို ဆန့်ကျင်၍စုံစမ်းခြင်းဖြစ်သည်...ထို့ပြင် ကျရှုံးခြင်းပြီးနောက်တွင်၊ ဓမ္မဟောင်းကျမ်း၏ ကျန်ကာလတစ်လျှောက်လုံးတွင် ဖြစ်ပျက်မည့် ဆက်လက်ရန်းကန်မှုအကြောင်းနှင့် မြွေ၏အမျိုးအနွယ်နှင့် မိန်းမဧဝ၏ အမျိုးအနွယ်ကြား အမှန်ပင်ဖြစ်ပျက်မည့်အကြောင်း ဓမ္မသစ်ကျမ်းတွင် ဖော်ပြချက်ကို ကျွန်ုပ်တို့ရရှိသည်။ ဤအရာသည် နောက်ဆုံးတွင် ၎င်း၏အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး၊ မာရ်နတ်အား အရှက်ကွဲစေကာ တစ်ကြိမ်တည်းဖြင့်အနိုင်ယူခဲ့သော ခရစ်တော်၌ ၎င်း၏ပြည့်စုံမှုသို့ ရောက်ရှိခဲ့သည်...ဓမ္မဟောင်းတွင် အချိန်ကြာလာတာနှင့်အမျှ မြွေ၏အမျိုးအနွယ်အဖြစ်ယေဘူယျယူဆနိုင်သည့် ဘုရားသခင်၏ ရန်သူများအဖြစ်လည်းကောင်း၊ ဘုရားသခင်ကို စဉ်ဆက်မပြတ် ခုခံရန်၊ ကိုယ်တော်၏လူများကို တွန်းလှန်ရန်၊ ကိုယ်တော်၏လူများနှင့် စစ်တိုက်ရန်၊ ကိုယ်တော်၏လူများကို ညှဉ်းဆဲခြင်းများကို ဆက်လက်ပြုလုပ်နေသည်ကို ကာလတစ်လျှောက်သင်မြင်သည်ဟု ကျွန်ုပ်ထင်မြင်ပါသည်။ ဥပမာအားဖြင့်၊ ဣသရေလတို့ညှဉ်းဆဲခံရခြင်း၊ ဖိလိတ္တိလူတို့နှင့် စစ်တိုက်ခြင်းတို့သည် ဣသရေလနှင့် ဖိလိတ္တိလူများကိုသာ ပြောနေသည်မဟုတ်ကြောင်း သင်သိပါသည်။ ၎င်း၏နောက်ကွယ်တွင် ဘုရားသခင်နှင့်စာတန်ကြား စစ်ပွဲမျိုး ဆက်လက်ဖြစ်နေသည်ဟု ထင်ပါသည်။

**ဒေါက်တာ Brian J. Vickers**

ယခု၊ မျက်မှောက်ခေတ်ခရစ်ယာန်များသည် ဘုရားသခင်နှင့်စာတန်ကြားမှ ဤတိုက်ပွဲ၏ အရေးပါမှုကို မကြာခဏသတိမထားမိကြောင်း ဝန်ခံသင့်သည်။ ကျွန်ုပ်တို့အများစုသည် ဘုရားသခင်နှင့် ကိုယ်တော်ကိုအစေခံသော နာမ်ဝိညာဉ်များအကြောင်း၊ စာတန်နှင့် သူ့အားအစေခံသောဝိညာဉ်များအား ဖြင့်မျက်မြင်ကမ္ဘာလောကအပေါ် မည်သို့လွှမ်းမိုးကြောင်းကို သိရှိမှုအနည်းငယ်မျှဖြင့် သမ္မာကျမ်းစာကို လေ့လာကြသည်။ သို့သော် သမ္မာကျမ်းစာ၏မူလပရိသတ်များတွင် ဤပြဿနာ မရှိခဲ့ကြပေ။ ဝိညာဉ် ရေးရာနှင့် လက်တွေ့ဘဝအမှန်တရားများကြားတွင် တက်ကြွသောအပြန်အလှန်ဆက်သွယ်မှုများကို သူတို့နားလည်ထားပြီးဖြစ်သည်။ အမှန်တကယ်တွင်၊ ဤယုံကြည်ချက်သည် ရှေးခေတ်ကမ္ဘာတွင် ဘုံ ယုံကြည်ချက်သောကြောင့် သမ္မာကျမ်းစာရေးသားသူများသည် ၎င်းနှင့်ပတ်သက်ပြီး ပြီးပြည့်စုံသော ဖော်ပြချက်ပေးရန် လိုအပ်သည်ဟု လုံးဝမခံစားခဲ့ကြပါ။ ထို့ကြောင့် မျက်မှောက်ခေတ်လူများအနေဖြင့်၊ ဤဝိညာဉ်ရေးပဋိပက္ခနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏ပြဇာတ်ကို စတင်ကြည့်ရှုပါက သမ္မာကျမ်းစာ၏ မူလပရိသတ်များ သိရှိထားပြီးဖြစ်သည့်အရာကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိလိမ့်မည်ဖြစ်သည်_ဤပဋိပက္ခ သည် သမ္မာကျမ်းစာ၏ဖော်ပြထားသမျှတွင် အခြေခံသည်။

သမ္မာကျမ်းစာ၏အဓိကဇာတ်ကောင်များအား စိတ်ထဲတွင်မှတ်သားထားခြင်းနှင့်အတူ၊ ဓမ္မဟောင်းခေတ်ဖွံ့ဖြိုးတိုးတက်မှုများဆိုင်ရာ ဒုတိယရှုထောင့်ကို ကြည့်ကြပါစို့_ သမ္မာကျမ်းစာ၏ အရင်းခံဇာတ်လမ်း။

# ဇတ်လမ်း

ပဋိညာဉ်ခေတ်များကြားတွင် မရေမတွက်နိုင်သော ကွဲပြားမှုများရှိသော်လည်း၊ ဤကွဲပြားမှုများ အားလုံးသည် ဘုရားသခင်နှင့် စာတန်အကြား ပဋိပက္ခအကြောင်း စည်းလုံးညီညွတ်ပြီး လွှမ်းခြုံထား သည့် ဇာတ်ကြောင်းတစ်ခုအတွင်း အံဝင်ခွင်ကျဖြစ်သည်။ အဆင်ပြေစေရန်အတွက်၊ ဘုရားသခင်သည် သူ၏ဘုန်းတော်ကို အဆုံးမရှိချီးမွမ်းနိုင်ရန်ဖြန့်ကျက်ပေးသည့် သမ္မာကျမ်းစာ၏ဇာတ်လမ်းတွင် သမ္မာကျမ်းစာ၏ ပဋိညာဉ်ခေတ်များကိုအဓိကအခန်းများအဖြစ် ကျွန်ုပ်တို့သဘောထားပါမည်။

ပြဇာတ်သည် ပထမအခန်း အာဒံ၏ခေတ်ကာလတွင် စတင်သည်။ ဤအခန်း၏အစတွင်၊ ဘုရားသခင်သည် ကမ္ဘာမြေကြီးပေါ်၌ သူ၏မြင်နိုင်သောဘုန်းအသရေကို ဦးစွာထင်ရှားပြသည့်နေရာ တွင် ပထမဆုံးလူသားများကို ထားတော်မူသည်_သူ၏မြင့်မြတ်သောနန်းတော်အဖြစ်အစေခံသည့် ဒေင်ဥယျာဉ်ဖြစ်သည်။ ဖန်ဆင်းခြင်းအတွက် သူ၏ရည်ရွယ်ချက်နှင့်အညီ၊ ဘုရားသခင်သည် အာဒံနှင့် ဧဝအား မြေကြီးကိုပြည့်စေ၍ နိုင်ခြင်းဖြင့် သူ၏သန့်ရှင်းသောဥယျာဉ်၏နယ်နိမိတ်များကို ချဲ့ထွင်ရန် အမိန့်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ ဘုရားသခင်၏မြင်နိုင်သော ဘုန်းအသရေရှိနေခြင်းကို ထင်ရှား စေရန်အတွက် သင့်လျော်သောနေရာအဖြစ် ကမ္ဘာမြေကြီးကို ပြောင်းလဲရန်ဖြစ်သည်။

မှန်ပါသည်၊ ပထမလူသားများကို ဘုရားသခင်အား ပုန်ကန်စေခြင်းဖြင့် ဤအကြံအစည်ကို စာတန် ခုခံတိုက်ခိုက်ခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် ဘုရားသခင်သည် သူ၏ဖန်ဆင်းခံတို့ကို အကျိန် တိုက်၍ လူသားမျိုးနွယ်၏ လုပ်ငန်းတာဝန်ကို ပိုမိုခက်ခဲသွားစေခဲ့သည်။ လူသားမျိုးနွယ်သည် ဤ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အချက်မှစ၍ ပြိုင်ဘက်အုပ်စုများအဖြစ်သို့ ပိုင်းခြားသွားမည်ဖြစ်ကြောင်းလည်း သူကြေညာခဲ့သည်_ မိန်းမ၏အမျိုးအနွယ်သည် ဘုရားသခင်၏ရည်ရွယ်ချက်များကို ဆောင်ရွက်ပေးမည့်သူများဖြစ်ပြီး၊ မြွေ၏အမျိုးအနွယ်တွင် စာတန်၏ပုန်ကန်မှုတွင်ပါဝင်မည့်သူများဖြစ်သည်။ တစ်ချိန်တည်းမှာပင်၊ ထိုမိန်းမ၏အမျိုးအနွယ်သည် စာတန်နှင့် သူ၏အမျိုးအနွယ်ကို နောက်ဆုံးတွင် အောင်နိုင်မည်ဟု ဘုရားသခင်ကတိပြုခဲ့သည်။

ဓမ္မဟောင်း၏ကျန်ရှိသောပဋိညာဉ်ကာလများသည် သမ္မာကျမ်းစာဇာတ်လမ်း၏ကိုယ်ထည်ဖြစ်သည်။

နောပဋိညာဉ်ခေတ်၏ဒုတိယအခန်းတွင်၊ ဘုရားသခင်သည် လူသားများစာတန်နောက်သို့လိုက်စဉ်ကျူးလွန်ခဲ့သော ကြောက်မက်ဖွယ်အကြမ်းဖက်ကမ္ဘာမြေကြီးကို သန့်စင်ခဲ့သည်။ မိန်းမအမျိုးအနွယ်၏အကြွင်းအကျန်များဖြစ်သော နောနှင့် သူ့မိသားစုကိုကယ်တင်ပြီး ကမ္ဘာမြေကြီးအား ပြည့်စေ၍နိုင်စေကာ ထပ်လောင်းဖောက်ပြန်ခြင်းကိုဆန့်ကျင်ရန် လူသားများအားမိန့်တော်မူ၍ တည်ငြိမ်သောကမ္ဘာကိုတည်ထောင်စေခဲ့သည်။

တတိယအခန်း၊ အာဗြဟံ၏ပဋိညာဉ်ခေတ်တွင်၊ ဘုရားသခင်သည် အာဗြဟံ၏မိသားစုကို စာတန်နှင့် သူ၏နောက်လိုက်များနှင့် ပဋိပက္ခဖြစ်စေမည့် မိန်းမအမျိုးအနွယ်၏လူသားမျိုးနွယ်အစိတ်အပိုင်းအဖြစ် ရွေးချယ်ခဲ့သည်။ အာဗြဟံ၏သားမြေးများကိုများပြားစေကာ ခါနာန်ပြည်ကို ပေးမည်ဟု ဘုရားသခင်ကတိပြုခဲ့သည်။ ထိုပထဝီဝင်ဆိုင်ရာသတ်မှတ်မှုမှအစပြု၍၊ နောက်ဆုံးတွင် ၎င်းတို့သည် ဘုရားသခင်နှင့် ကိုယ်တော်၏အစီအစဉ်ကို ဆန့်ကျင်မှုအားလုံးကို ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်သည်။ သူတို့သည် မြေကြီးတစ်ခုလုံးကို အမွေဆက်ခံပြီး၊ လူသားမျိုးနွယ်၏မိသားစုတိုင်းအတွက် ဘုရားသခင်၏ကောင်းချီးများကို ဖြန့်ကြက်မည်ဖြစ်သည်။

စတုတ္ထအခန်း၊ မောရှေ၏ပဋိညာဉ်ခေတ်တွင်၊ ဘုရားသခင်သည် အီဂျစ်လူမျိုးများနှင့် ၎င်းတို့၏စာတန်နတ်ဘုရားများအပေါ် ကြီးစွာသောအောင်မြင်မှုတစ်ခုကို ဣသရေလလူမျိုးအား ပေးခဲ့သည်။ ဣသရေလအမျိုးကိုလည်း ပညတ်တရားအားဖြင့် အုပ်စိုးသော လူမျိုးနှင့် ခါနနိလူတို့ကို နှင်ထုတ်စေခြင်းငှါ ဖွဲ့စည်းခဲ့သည်။ ဣသရေလလူတို့သည် ခါနာန်ပြည်သို့ ပြောင်းရွှေ့လာသောအခါ၊ သူတို့ကိုဘုရားသခင်သည် ခါနနိလူများနှင့် သူတို့အစေခံသောစာတန်နတ်များအပေါ် အောင်နိုင်စေတော်မူသည်။ ကိုယ်တော်သည် ဣသရေလလူမျိုးကို မြေကြီးပေါ်တွင် တည်ထောင်ပြီးကြီးပွားတိုးတက်စေကာ၊ ၎င်းတို့၏နောက်ဆုံးပန်းတိုင်ဖြစ်သော မြေကြီးတပြင်လုံးတွင်ဘုရားသခင့်နိုင်ငံတော်ကို ဖြန့်ကျက်ရန် လှုံ့ဆော်ခဲ့သည်။

ပဥ္စမအခန်း၊ ဒါဝိဒ်၏ပဋိညာဉ်ခေတ်တွင်၊ ဒါဝိဒ်၏မိသားစုသည် ဘုရားသခင့်လူမျိုးကိုအုပ်စိုးရန်နှင့် စာတန်ကိုအစေခံသောလူမျိုးများနှင့် နောက်ထပ်ပဋိပက္ခဖြစ်စေရန် ခန့်အပ်ခံထားရသည်။ ဒါဝိဒ်မင်းဆက်သည် ခါနန်ပြည်တွင်လုံခြုံမှုယူဆောင်လာပေးကာ၊ ဘုရားသခင့်အစီအစဉ်နှင့်အညီ ဣသရေလ၏နယ်နိမိတ်ကိုကမ္ဘာပေါ်တွင် ဆက်လက်တိုးချဲ့ခဲ့သည်။ ဝမ်းနည်းစရာမှာ၊ အချိန်ကြာလာသည်နှင့်အမျှ ဣသရေလဘုရင်များသည် ဘုရားသခင်ကို ပြောင်ပြောင်တင်းတင်း ပုန်ကန်ခဲ့ကြသည်၊ ဘုရားသခင်သည် ၎င်းတို့၏နိုင်ငံကိုဖျက်ဆီးပြီး သူတို့ကို ကျွန်ခံခြင်းဒဏ်ပေးလိုက်သည့်အထိ ဆုံးမခဲ့သည်။

ကျွန်ခံရစဉ်အတွင်း ၎င်းတို့သည် တိုင်းတစ်ပါးနိုင်ငံများနှင့် ၎င်းတို့၏နတ်ဘုရားများ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်ခံစားခဲ့ရသည်။ နောက်ဆုံးတွင်၊ ဘုရားသခင်သည် ကျွန်ခံရခြင်းကို အဆုံးသတ်စေခဲ့ပြီး၊ အကြွင်းအကျန်အနည်းငယ်ကို ခါနာန်နိုင်ငံတော် ပြန်လည်ထူထောင်နိုင်ရန် ကတိထားရာပြည်သို့ပို့ဆောင်ပေးခဲ့သည်။ သို့သော် ထိုအကြွင်းအကျန်များသည်ပင်လျှင် သစ္စာမစောင့်နိုင်သည့်အတွက် ဒုစရိုက်အာဏာစက်အောက်၌ ဆက်ရှိနေသည်။

ဓမ္မဟောင်းတွင်ဖော်ပြထားသော နောက်ဆုံးအခန်းသည် ကမ္ဘာသစ်အတွက် မျိုးဆက်သစ်ကို နောင်တရပြီး ဒါဝိဒ်၏သားကြီး၊ မေရှိယ သို့မဟုတ် ခရစ်တော်သည် ၎င်းတို့၏အပြစ်များအတွက် အပြစ်ဖြေရာယဇ်ပူဇော်သောအခါ ဘုရားသခင်တည်ထောင်ပေးမည့် ပဋိညာဉ်အသစ်ဖြစ်သည်။ မေရှိယသည် စာတန်၊ နတ်ဆိုးများနှင့် ၎င်းတို့ကိုအစေခံသော လူမျိုးတို့ကို နောက်ဆုံးအောင်ပွဲ၌ ကမ္ဘာသစ်ကို ဦးဆောင်မည်ဖြစ်သည်။ သူသည် စာတန်ကို ချေမှုန်းပြီး စာတန်နောက်လိုက်သူအားလုံးကို တရားစီရင်မည်။ နောက်ဆုံးတွင်၊ မေရှိယသည် ဘုရားသခင်၏လူများနှင့်အတူ ကမ္ဘာမြေကြီးကို အုပ်စိုးပြီး အရာခပ်သိမ်းကို အသစ်ဖြစ်စေမည်ဖြစ်သည်။ ဘုရားသခင်၏ဘုန်းတော်သည် ဖန်ဆင်းခြင်းကို ပြည့်စေမည်ဖြစ်ပြီး၊ ဖန်ဆင်းခံတိုင်းကကိုယ်တော်ကိုအဆုံးမရှိ ချီးမွမ်းကြလိမ့်မည်။

ဓမ္မဟောင်းပဋိညာဉ်ခေတ်များအကြား ခြားနားချက်များရှိသော်လည်း၊ ဤခေတ်များသည် ရှည်လျားသောဇာတ်ကြောင်း၏အခန်းများကဲ့သို့ တစ်ခုနှင့်တစ်ခု တည်ဆောက်ထားကြောင်း သမ္မာကျမ်းစာ၏ဤအကျဉ်းချုပ်က ကျွန်ုပ်တို့ကိုပြသသည်။ ဆန့်ကျင်ကန့်ကွက်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း သို့မဟုတ် အချင်းချင်းအလျှော့ပေးခြင်းထက်၊ ဤသမိုင်းအဆင့်တစ်ခုစီသည် သမ္မာကျမ်းစာ၏ဖွံ့ဖြိုးဆဲ၊ စည်းလုံးညီညွတ်သောဇာတ်လမ်းကို စုစည်းပေးပါသည်။

ယခုအချိန်အထိ၊ ကျွန်ုပ်တို့သည် ဓမ္မဟောင်းခေတ် ဖွံ့ဖြိုးတိုးတက်မှုများ၏နောက်ကွယ်ရှိ အဓိကဇာတ်ကောင်များကို သုံးသပ်ထားပြီး၊ အစိတ်အပိုင်းတစ်ခုစီသည် အခြားအရာများနှင့် ပေါင်းစည်းထားသောဇာတ်ကြောင်းဖြင့် ချိတ်ဆက်ထားကြောင်း ဖော်ပြထားပါသည်။ ယခု ဓမ္မဟောင်းကျမ်းရေးသူများသည် အစောပိုင်းကာလများကို နောက်ပိုင်းပရိသတ်များအတွက် မကြာခဏအသုံးပြုသည်ကို လေ့လာရန်အသင့်ဖြစ်နေပြီဖြစ်သည်။

# ကျမ်းရေးသူများ

ဤသင်ခန်းစာ၏အစတွင်၊ ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်း၏ကျင့်သုံးခြင်းကို အောက်ပါကဲ့သို့အကျဉ်းချုံးဖော်ပြခဲ့သည်ကိုသင်အမှတ်ရပါလိမ့်မည်_ "အတိတ်ကို မည်သည့်အခါမှပြန်မလာပါနှင့်၊ သို့သော် အတိတ်ကို မည်သည့်အခါမှမမေ့ပါနှင့်။" ကျွန်ုပ်တို့သည် အတိတ်တွင်အသက်ရှင်ခြင်းမရှိပါ၊ ထို့ကြောင့် အစောပိုင်းကာလများတွင် အသက်ရှင်သကဲ့သို့ မည်သည့်အခါမှ မတွေးသင့်၊ မပြုမူသင့် သို့မဟုတ် မခံစားသင့်ပါ။ သို့သော် ကျွန်ုပ်တို့သည် အတိတ်ဇာတ်လမ်း၏တစ်စိတ်တစ်ပိုင်းတွင် ပါဝင်သည်။ ဓမ္မဟောင်းကျမ်းရေးသူများက ၎င်းကိုကောင်းစွာသိသည်။ တစ်ဆူတည်းသော စစ်မှန်သောဘုရားသခင်သည် အချိန်ကြာလာသည်နှင့်အမျှ စစ်မှန်သောဘာသာတရားတစ်ခုအားဖြင့် သူ့ကိုယ်သူ ထုတ်ဖော်

ပြသခဲ့ကြောင်း အသိအမှတ်ပြုကြသည်။ ဆိုလိုသည်မှာ အတိတ်တွင်ဘုရားသခင်ပြောခဲ့သည်များနှင့် လုပ်ဆောင်ခဲ့သည့်အရာများသည် သူ့လူများကို အချိန်ကာလတစ်လျှောက်လုံး ဆက်လက်လမ်းညွှန်နေမည်ဟု ဆိုလိုသည်။ ယင်းကြောင့် ဓမ္မဟောင်းကျမ်းရေးသူများသည် အတိတ်မှသင်ယူခဲ့သည့်အရာများကို ၎င်းတို့၏ခေတ်ကာလတွင် ကျင့်သုံးခဲ့ကြသည်။ ထိုအရာကို ဤပုံစံ စဉ်းစားကြည့်ပါ။ ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသော အဓိကပဋိညာဉ်ကာလ ခြောက်ခုရှိသည်။ သို့သော် အစောဆုံးခေတ်ကာလ သုံးခု—အာဒံ၊ နောဧ၊ နှင့် အာဗြဟံတို့၏အကြောင်း—၏အချက်အလက်အားလုံးသည် မောရှေ၊ ဒါဝိဒ်နှင့် ပဋိညာဉ်တရားသစ်တို့၏ နောက်ပိုင်းခေတ်များတွင် ရေးသားခဲ့သော သမ္မာကျမ်းစာစာအုပ်များမှလာပါသည်။

ဓမ္မဟောင်းကျမ်းရေးသူများသည် ခေတ်ကာလတိုးတက်မှုများကို နားလည်ကြောင်းဖော်ပြသည့် ၎င်းတို့၏အရေးအသားများတွင် ပါဝင်သော ဘုံအကြောင်းအရာနှစ်ခုကို ကျွန်ုပ်တို့သုံးသပ်ပါမည်။ ရှေးဦးစွာ၊ ဓမ္မဟောင်းကျမ်းရေးသူများသည် အတိတ်အကြောင်းရေးသားခဲ့သည်ကို တွေ့ရပါမည်။ ဒုတိယအနေနှင့် ပစ္စုပ္ပန်အကြောင်းသူတို့ ရေးထားသည်ကို တွေ့ရပါမည်။ သူတို့သည် သူတို့၏ခေတ်ကာလတွင်အသက်ရှင်ခဲ့ကြသော ပရိသတ်များအတွက် သူတို့၏ပစ္စုပ္ပန်အချိန်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။ ရှေးဦးစွာ ဓမ္မဟောင်းကျမ်းရေးသူများ အတိတ်အကြောင်း ရေးခဲ့ပုံကို ကြည့်ကြပါစို့။

## အတိတ်အကြောင်း

ဓမ္မဟောင်းကျမ်းများအားလုံးသည် အတိတ်အကြောင်းကို အဓိကအားဖြင့်ထင်ရှားစွာ ဖော်ပြကြသည်။ Pentateuch — ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်းနှင့် တရားဟောရာကျမ်းများကို သုံးသပ်ကြည့်ပါ။ မောရှေသည် သူ၏ပဋိညာဉ်ခေတ်တွင် ဤစာအုပ်များအားလုံးကို ရေးသားခဲ့သည်။ သို့သော် ကမ္ဘာဦးကျမ်းတွင် အာဒံ၊ နောဧနှင့် အာဗြဟံတို့၏ဝေးကွာသော အတိတ်တွင် ဖြစ်ပျက်ခဲ့သော ပဋိညာဉ်ခေတ်အဖြစ်အပျက်များကို ဖော်ပြခဲ့သည်။ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်းနှင့် တရားဟောရာကျမ်းများတွင် သူသည် ဝေးကွာသည့် သမိုင်းကြောင်းသို့ မသွားပါ။ သို့သော် စာအုပ်များကိုမရေးခင်၌ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို သူအာရုံစိုက်ခဲ့သည်။

ဓမ္မဟောင်းကျမ်း၏ကျန်စာအုပ်များကို ဒါဝိဒ်၏ပဋိညာဉ်ခေတ်တွင် ရေးသားထားသည်။ ထို့ပြင် သူတို့၏ပရိသတ်များကိုလည်း အတိတ်ကို ခေါ်သွားကြသည်။ ဥပမာ၊ ယောဘဝတ္ထုသည် ဒါဝိဒ်မင်းဆက်၏ ဘုရင်ခေတ်ကာလတွင် ရေးခဲ့ဖွယ်ရှိသည်။ သို့သော် ဘုရင်စနစ်မပေါ်မီ ကြာမြင့်စွာကတည်းက အာဗြဟံခေတ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ဖော်ပြသည်။ ယောရှု၊ တရားသူကြီးများနှင့် ရှသကျမ်းများသည် ဒါဝိဒ်၏ပဋိညာဉ်ခေတ်တွင် ရေးထားသော်လည်း၊ မောရှေခေတ်နှောင်းပိုင်း၊ ဒါဝိဒ်နန်းမတက်မီတွင် ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များကို ဖော်ပြသည်။ ရာဇဝင်ကျမ်းများ၊ ရာဇဝင်ချုပ်များ၊ ဧဇရ၊ နေဟမိနှင့် ဧသတာတို့၏စာအုပ်များသည် ၎င်းတို့၏ပရိသတ်များကို အတိတ်၌ဖြစ်ပျက်သည့် မကြာသေးမီကဖြစ်သောအဖြစ်အပျက်များကို အဓိကရည်ညွှန်းသည်။ ဤသည်မှာ ဓမ္မဟောင်းပရောဖက်ကျမ်းများဖြစ်သော ဟောရှာယ မှ မာလခိ ထိလည်းမှန်ကန်ပါသည်။ ပရောဖက်များသည်

ပရောဖက်ပြုချက်ဆိုင်ရာဟောပြောချက်များနှင့် လုပ်ရပ်များအားဖြင့် အမှုတော်ကို ရှေးဦးစွာဆောင်ရွက်ခဲ့ကြပြီး၊ ၎င်းတို့၏ခေတ်ပြိုင်ပရိသတ်များ တိုးပွားလာစေရန်အတွက် ၎င်းတို့၏ဓမ္မအမှုများကို နောက်ပိုင်းတွင်မှတ်တမ်းတင်ခဲ့သည်။ ထို့ကြောင့်၊ သူတို့၏စာအုပ်များသည် ဟောပြောပြီးသော ပရောဖက်ပြုချက်ဆိုင်ရာဟောပြောချက်များနှင့် လုပ်ရပ်များ၏ မှတ်တမ်းများဖြစ်သည်။ အလားတူပင်၊ သုတ္တံကျမ်း၊ ရှောလမုန်သီချင်းနှင့် ဒေသနာကျမ်းများသည် မကြာသေးမီကဖြစ်သောအတိတ်၏ ဓမ္မပညာဆိုင်ရာရောင်ပြန်ဟပ်မှုများဖြစ်သည်။

ဓမ္မဟောင်းကျမ်းရေးသူများ အတိတ်အကြောင်းရေးခဲ့သည်ကိုယခုကျွန်ုပ်တို့နားလည်ပြီးနောက်၊ ၎င်းတို့သည်၎င်းတို့၏ခေတ်ပြိုင်ပရိသတ်များအတွက်ပစ္စုပ္ပန်ကိုရေးသားခဲ့သည်ဟူသောအချက်ကို ကြည့်ကြပါစို့။

## ပစ္စုပ္ပန်အတွက်

> ကျမ်းစာရေးသူများသည် သမ္မာကျမ်းစာကို စတင်ရေးသားသော အခါတွင်...၎င်းတို့၏လူများ၊ စာဖတ်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရေးသားခဲ့ကြသည်။ စာရေးဝါသနာပါသောကြောင့် ထိုင်ပြီးရေးခြင်းမျိုးမဟုတ်ပါ။ ယင်းအစား၊ ၎င်းတို့သည် မိမိလူများ၏ လေ့လာသင်ယူမှု၊ လမ်းညွှန်မှုနှင့် ဖွဲ့စည်းပုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရေးခဲ့သည်။ ထို့ကြောင့် စာအုပ်တိုင်း၏နောက်ကွယ်တွင် ရည်ရွယ်ချက်တစ်ခု ရှိပါသည်။ လှုံ့ဆော်မှုသည် “ထိုင်ပြီးရေးပါ” ဟူသော ကိစ္စမဟုတ်ပါ။ လိုအပ်ချက်တစ်ခုရှိနေခြင်းကိစ္စဖြစ်သည်_"ထ၍ ရေးပါ။" ထို့ကြောင့် ကျမ်းရေးသူတိုင်းသည် မိမိလူမျိုး၏လိုအပ်ချက်ကို သူတို့ နားလည်နိုင်သောနည်းလမ်းဖြင့် သတင်းအချက်အလက်ပေးရန် ထည့်သွင်းစဉ်းစားကြသည်။
>
> **ဒေါက်တာ Ghassan Khalaf**

> ကျမ်းရေးသူများသည် သူတို့ရေးသားနေသောပရိသတ်များ၏ အခြေအနေများကို အာရုံစိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့မှာ ၎င်းကိုမလုပ်လိုကြပါ။ ၎င်းတို့သည် မူလအခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်နေသောကြောင့် နောက်ပိုင်းစာဖတ်သူများအတွက် အဓိပ္ပာယ်တစ်စုံတစ်ရာမရှိဟု ကျွန်ုပ်တို့ မပြောလိုပါ။ ရောမ ၁၅:၄ နှင့်အခြားနေရာများတွင်ပေါလုပြောသကဲ့သို့ ကျမ်းစာ၌ရေးထားသမျှသည် ကျွန်ုပ်တို့အား ဆုံးမသြဝါဒပေးရန် ရေးသားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိပါသည်။ သို့တိုင်၊ ကျမ်းရေးသူများသည် သူတို့ရေးသားနေသူများ၏ဘဝတွင် ဖြစ်ပျက်နေသောအရာများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဂရုတစိုက်အာရုံစိုက်ခဲ့ကြသည်။ဥပမာ၊ ကမ္ဘာဦးကျမ်းသည် အီဂျစ်ပြည်မှ ထွက်ခွာသွားသော လူတစ်စုထံ ရေးထားသည်။ ကမ္ဘာပေါ် ရှိ အင်အားအကြီးဆုံးနိုင်ငံကို သူတို့ဒေါသထွက်စေခဲ့သည်။ သူတို့သည် အခြားရန်သူများနှင့်တိုက်ခိုက်ရမည့်ပြည်သို့ သွားရန် ပြင်ဆင်နေကြသည်။ သူတို့တွင် ကြောက်စရာဘာတစ်ခုမှမရှိကြောင်းကို သိထားဖို့ရန် လိုသည်၊ ထို့ကြောင့် ကမ္ဘာဦးကျမ်းသည် ဘုရားသခင်ကိုအရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော၊ လူမျိုးအားလုံးကိုအုပ်စိုးသော၊ ဘိုးဘေးများကိုကတိပြုပြီး ထိုကတိများကိုစောင့်ရှောက်ပေးသောပုံဖြင့် အစပြုထားသည်။ ဣသရေလသည် ကြောက်စရာမလိုပါ...ထို့ကြောင့်၊ မူလပရိသတ်များ၏အခြေအနေများကို ကျွန်ုပ်တို့သိသည်နှင့်တစ်ချိန်တည်းတွင်၊ သမ္မာကျမ်းစာက မည်သည့်အရာကို ပြောသည်သာမက အဘယ်ကြောင့်ဆိုသည်ကို အမှန်တကယ်သိမြင်ရန် ကူညီပေးသည်။ ထို့ပြင် အဲဂုတ္တုပြည်မှထွက်ခွာပြီးနောက် သဲကန္တာရတွင် ဣသရေလလူမျိုးများကဲ့သို့ အလားတူအခြေအနေမျိုး ကျွန်ုပ်တို့ မည်သည့်အရာတွင် ရင်ဆိုင်နေရသနည်းဟူ၍ မေးခွန်းများကို မေးနိုင်သည်...ထို့ပြင် သိုးထိန်းတစ်ယောက်အနေနှင့် ဘုရားသခင်က သူ့လူများကို မည်ကဲ့သို့ဂရုစိုက်ပြီး၊ ကျွန်ုပ်တို့၏လိုအပ်မှုတွေအတွက် မည်ကဲ့သို့သနားကြင်နာမှုပြကြောင်းကို စတင်မြင်တွေ့လာရပါသည်။

**ဒေါက်တာ Jimmy Agan**

အတိတ်သည် သမ္မာကျမ်းစာ၏စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုတွင် အစောပိုင်းအဆင့်များကို ကိုယ်စားပြုကြောင်း သမ္မာကျမ်းစာရေးသားသူများနားလည်ကြသည်။ သို့သော် သူတို့ခေတ်တွင် အသက်ရှင်သည့်ပရိသတ်များကို အဦးဆုံးအမှုဆောင်ရန် ခေါ်ခြင်းခံရကြသည်။ ထို့ကြောင့် သူတို့၏ မူလပရိသတ်များ၏ဘဝအတွက် ပေါင်းကူးပေးသည့်နည်းလမ်းများနှင့် အတိတ်အကြောင်း ရေးကြသည်။ ၎င်းတို့သည် သမိုင်းဝင်လူများ၊ လုပ်ဆောင်ချက်များ၊ စကားလုံးများ၊ အဖွဲ့အစည်းများနှင့် ဤသမိုင်းဝင်အကြောင်းအရာများကို ၎င်းတို့၏ပရိသတ်များ၏ဘဝများနှင့် ချိတ်ဆက်ပေးသည့် နည်းလမ်းများဖြင့် မီးမောင်းထိုးပြသည်။ အများစုတွင်၊ ဓမ္မဟောင်းစာအုပ်များ၏မူလပရိသတ်များသည် ဤပေါင်းကူးများကိုတည်ဆောက်ရန် ကျမ်းစာရေးသူများလိုက်နာခဲ့ကြသည့် စာပေဆိုင်ရာသဘော တူညီချက်များ နှင့်အကျွမ်းတဝင်ရှိကြသည်။ ထို့ကြောင့် စာရေးသူသည် ဤဆက်စပ်မှုများကိုရှင်းပြရန် သာမာန်အားဖြင့် အနှောက်အယှက်မရှိပါ။ အခြားအချိန်များတွင်၊ စာရေးသူသည် အတိတ်နှင့် ပစ္စုပ္ပန် ကြားဆက်နွယ်မှုကိုညွှန်ပြသည့် သဲလွန်စလေးများပေးခဲ့သည်။ အခြားကျမ်းပိုဒ်များတွင်လည်း၊ သမ္မာကျမ်းရေးသူများသည် ပရိသတ်များအား ၎င်းတို့၏အတိတ်သည်၎င်းတို့အပေါ် မည်သို့သက်ရောက်သည်ကိုမြင်နိုင်ရန် သာ၍တိုက်ရိုက်ရှင်းပြပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မဟောင်းကျမ်းရေးသူများသည် ၎င်းတို့၏ပစ္စုပ္ပန် ပရိသတ်များနှင့် အတိတ်ကိုချိတ်ဆက်ရန် နည်းလမ်းများကို ရှာဖွေတွေ့ရှိသကဲ့သို့ မျက်မှောက်ခေတ်ခရစ်ယာန်များသည် ထိုအတိတ်အကြောင်း ရေးသားချက်များကို ကျွန်ုပ်တို့နှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ မှန်ပါသည်၊ မျက်မှောက်ခေတ် ကျင့်သုံးခြင်းသည် ကျွန်ုပ်တို့ခေတ်တွင်ဖြစ်ပျက်နေသည့်အရာများနှင့် သက်ဆိုင်ပါသည်။ သို့သော် ၎င်းသည် အတိတ်ကနည်းလမ်းများကို အမြဲအခြေခံသည်။

မျက်မှောက်ခေတ်ကမ္ဘာတွင် ဘုရားသခင်၏လူများအသက်ရှင်နေသည်နှင့်အမျှ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ဟိုးရှေးယခင်က ဘုရားသခင်ထုတ်ဖော်ပြသခဲ့သောအရာနှင့် နက်ရှိုင်းစွာ ဆက်စပ်နေ ပါသည်။ ကျွန်ုပ်တို့သည် အတိတ်နှင့်ပတ်သက်သော ဓမ္မဟောင်းကျမ်းများ၏မျက်မှောက်ခေတ်ကျင့်သုံး ခြင်းကို အာရုံစိုက်ပါသည်။ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်းများကိုကျင့်သုံးနေသည့်တိုင် အတိတ်ကိုရှာဖွေ နေဆဲဖြစ်သည်။ ယခု၊ ဗျာဒိတ်ကျမ်းကဲ့သို့သော စာအုပ်အချို့သည် အနာဂတ်ကို အလွန်အာရုံစိုက်ကြ သည်။ သို့သော် ဗျာဒိတ်ကျမ်းသည်ပင် ကျမ်းရေးသူ ယောဟန်သည် အတိတ်တွင်၎င်း၏မူလပရိသတ်ကို ကျင့်သုံးခဲ့သည့် ရူပါရုံများအကြောင်း မှတ်တမ်းတစ်ခုဖြစ်သည်။ တစ်နည်းမဟုတ်တစ်နည်းအားဖြင့်၊ သမ္မာကျမ်းစာတိုင်းသည် အတိတ်တွင် ဘုရားသခင်ပြုခဲ့သောအရာများကို အာရုံစိုက်သည်။ ထို့ကြောင့် မျက်မှောက်ခေတ်ကမ္ဘာတွင် ၎င်းစာအုပ်များကို ကျင့်သုံးနိုင်ဖို့ရန်၊ အတိတ်ကိုအာရုံစိုက်ရန်လိုပါသည်။

ဤအချက်တွင်၊ ကျွန်ုပ်တို့၏ဆွေးနွေးချက်သည် ဓမ္မဟောင်းခေတ်ဖွံ့ဖြိုးတိုးတက်မှုများ၏ နောက်ကွယ်ရှိ အဓိကဇာတ်ကောင်များ၊ သမ္မာကျမ်းစာ၏ စုစည်းထားသောဇာတ်လမ်းနှင့် ဓမ္မဟောင်း ကျမ်းရေးသူများသည် အစောပိုင်းကာလများကို ၎င်းတို့၏ခေတ်ပြိုင်ပရိသတ်များအတွက် ကျင့်သုံးသည့် အချက်ဖြစ်သည်။ ထို့ကြောင့်၊ ယခုကျွန်ုပ်တို့သည် အတိတ်နှင့် ပစ္စုပ္ပန်ကြားရှိ သမ္မာကျမ်းရေးသူများ၏ ဆက်သွယ်မှုအမျိုးအစားများကို အာရုံစိုက်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

# ဆက်သွယ်မှုများ

ဓမ္မဟောင်းကျမ်းရေးသူများပြုလုပ်သည့် အတိတ်နှင့် ပစ္စုပ္ပန်အကြား ချိတ်ဆက်မှုသုံးမျိုး အကြောင်း ပြောပါမည်။ ပထမဦးစွာ၊ သူတို့သည်ပရိသတ်များအား ၎င်းတို့၏ယုံကြည်ခြင်းဆိုင်ရာ မတူညီသော အတိုင်းအတာများ၏ သမိုင်းနောက်ခံများကို ပေးအပ်ခဲ့သည်။ ဒုတိယ၊ သူတို့သည်ပရိသတ် များကို အတုယူရန်နှင့် ငြင်းပယ်ရန်အတွက် နမူနာပုံစံများ ကိုတင်ပြခဲ့သည်။ တတိယအချက်၊ သူတို့သည် ပရိသတ်များ၏အတွေ့အကြုံများကို ကြိုတင် မျှော်မှန်းခဲ့ကြသည်။ ကျမ်းရေးသူများသည် သူတို့၏ ပရိသတ်များကို နောက်ခံသမိုင်းများအား မည်ကဲ့သို့ပေးထားကြောင်းကို ဦးစွာကြည့်ကြပါစို့။

## နောက်ခံသမိုင်းများ

ဓမ္မဟောင်းကျမ်းရေးသူများသည် နောက်ခံသမိုင်း သို့မဟုတ် ၎င်းတို့၏ပရိသတ်များ၏ လက်ရှိ အတွေ့အကြုံများ၏မူလအစကို ရှင်းပြခြင်းဖြင့် အတိတ်၏ဆက်စပ်မှုကို ပြသလေ့ရှိသည်။ ဥပမာ၊ အာဒံ နှင့်ဧဝတို့၏လက်ထပ်ခြင်းကိုမောရှေဖော်ပြပြီးနောက်၊ ပရိသတ်နှင့်တိုက်ရိုက်ချိတ်ဆက်ရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဇာတ်ကြောင်း တင်ပြချက်ကို ခေတ္တရပ်လိုက်သည်။ ကမ္ဘာဦး ၂:၂၄ မှမောရှေ၏စကားများကို နားထောင်ပါ_

> ထိုအကြောင်းကြောင့် ယောကျာ်းသည် ကိုယ်မိဘကိုစွန့်၍၊ ကိုယ့်ခင်ပွန်း၌ မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည် (ကမ္ဘာဦး ၂:၂၄)။

ဤအခန်းငယ်တွင်၊ မောရှေသည် မောရှေခေတ်ရှိ ပရိသတ်များ နှင့် အာဒံ၏ပဋိညာဉ်ခေတ်မှ အင်္ဂါရပ်တစ်ခု မည်သို့သက်ဆိုင်ကြောင်းကို ရှင်းပြသည်။ အထူးသဖြင့်၊ အာဒံနှင့်ဧဝတို့၏ထိမ်းမြား လက်ထပ်မှုသည် မောရှေလက်ထက်အထိ တည်တံ့သောလက်ထပ်ခြင်းမင်္ဂလာကို တည်ထောင်ခဲ့သည်။

မောရှေသည် ဤအဖြစ်အပျက်ကို ၎င်း၏မူလပရိသတ်အတွက် နောက်ခံသမိုင်းအဖြစ်အသုံးပြုသည်ကို ကျွန်ုပ်တို့တွေ့မြင်သည်နှင့်တစ်ပြိုင်နက်၊ ၎င်းကို ထိုနည်းအတိုင်းပင် ကျွန်ုပ်တို့ထံချိတ်ဆက်နိုင်မည်ဖြစ်သည်။ အာဒံနှင့်ဧဝ၏အိမ်ထောင်ရေးသည် ရှေးဣသရေလနိုင်ငံရှိ အိမ်ထောင်ရေး၏နောက်ခံသမိုင်းဖြစ်ပြီးကျွန်ုပ်တို့ခေတ်၏ အိမ်ထောင်ရေးနောက်ခံသမိုင်းလည်းဖြစ်သည်။

အခြားအချိန်များတွင်၊ သမ္မာကျမ်းရေးသူများသည် သမိုင်းဝင်ပုဂ္ဂိုလ်များကို ဘုရားနှစ်သက်ကြောင်း သို့မဟုတ် မနှစ်သက်ကြောင်းဖော်ပြသည့်နည်းလမ်းများဖြင့် နောက်ခံသမိုင်းကို အသုံးပြုကြသည်။ ဥပမာ၊ ရုသဝတ္ထုတွင် ရုသ၊ နောမိ၊ သို့မဟုတ် ဗောဇတို့၌အပြစ်မတွေ့ရဘဲ၊ သူတို့သည် ဘုရားသခင်၏နှစ်သက်မှုအပြည့်ရှိကြောင်း ဖော်ပြသည်။ ဤသို့ဖြစ်ရသည့်အကြောင်းရင်းကို စာအုပ်၏ အဆုံးတွင် တွေ့ရပါသည်။ ရုသ ၄:၂၁-၂၂ တွင် ကျမ်းကိုအဆုံးသတ်ထားသောမျိုးရိုးစဉ်ဆက်ကို နားထောင်ပါ_

> စာလမုန်သားဗောဇ၊ ဗောဇသားဩဗက်၊ ဩဗက်သားယေရှဲ၊
> ယေရှဲသားဒါဝိဒ်တည်း (ရုသ ၄:၂၁-၂၂ )။

ဤမျိုးရိုးစဉ်ဆက်အရ ဗောဇသည်ဘုရင်ဒါဝိဒ်၏ တိုက်ရိုက်ဘိုးဘေးဖြစ်ကြောင်း ဖော်ပြသည်။ ဤအဆုံးသတ်သည် မောရှေခေတ်ရှိ ဖြစ်ရပ်များ သည် ဒါဝိဒ်၏ပဋိညာဉ်ကာလတွင် အသက်ရှင်ခဲ့သော မူလပရိသတ်၏ကာလနှင့် ချိတ်ဆက်ပေးသည်။

ဒါဝိဒ်၏တရားဝင်ဘုရင်ဖြစ်ခြင်းနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာအချက်ရှိခဲ့သည်အကြောင်းမှာ သူသည် မောဘအမျိုးရုသမှဆင်းသက်လာသောကြောင့်ဖြစ်သည်။ သို့သော် ရုသ၏ဇာတ်လမ်းသည် ဣသရေလတွင်သူမ၏ပါဝင်မှုသည် စံနမူနာပြဖြစ်ပြီး၊ ဘုရားသခင်သည် သူမအားအပြည့်အဝထောက်ခံကြောင်း သက်သေပြသည်။ ဤနည်းအားဖြင့်၊ ရုသဝတ္ထုသည် ဣသရေလဘုရင်အဖြစ် ဒါဝိဒ်ကိုရွေးချယ်ခြင်းနှင့်ပတ်သက်၍ အားကောင်းစေသည့် နောက်ခံသမိုင်းကို ပေးထားသည်။

တစ်ဖန်၊ မျက်မှောက်ခေတ်ကျင့်သုံးခြင်းတွင် ရုသဝတ္ထုအားရေးသားသူသည် သူ၏မူလပရိသတ်အတွက် တည်ဆောက်ခဲ့သောထိုပေါင်းကူးကို ကျွန်ုပ်တို့တိုးချဲ့ရန် အခွင့်အရေးရှိသည်။ ရုသအပေါ် ဘုရားသခင်၏နှစ်သက်ခြင်းသည် ဒါဝိဒ်ခေတ်တွင် ဒါဝိဒ်မင်းဆက်၏တရားဝင်မှုကိုပြသသကဲ့သို့၊

ကျွန်ုပ်တို့ခေတ်တွင် ဒါဝိဒ်၏အကြီးမြတ်ဆုံးအမွေဆက်ခံသူယေရှု၏ဘုရင်ဖြစ်မှုကို သက်သေပြသည့် နောက်ခံသမိုင်းကိုလည်းဖော်ပြသည်။

နောက်ခံသမိုင်းကြောင်းကို ပံ့ပိုးပေးသည့်အပြင် စာရေးသူတို့သည် အတိတ်နှင့် ပစ္စုပ္ပန်ကြား ချိတ်ဆက်ထားသော ချိတ်ဆက်မှုများကို ၎င်းတို့၏ မူလပရိသတ်များအတွက် အတုယူရန် သို့မဟုတ် ငြင်းပယ်ရန် နမူနာပုံစံများကို တင်ပြခဲ့သည်။

## နမူနာပုံစံများ

> တစ်ခါတစ်ရံတွင် ကျမ်းစာဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရှုရင်း " ၎င်းသည် စံနမူနာကောင်းလော၊ မကောင်းသည့်ပုံသက်သေလော။ သမ္မာကျမ်းစာထဲမှ ဤပုဂ္ဂိုလ်လုပ်သကဲ့သို့ ကျွန်ုပ်လုပ်သင့်သလော၊ သို့မဟုတ် ၎င်းနှင့် မတူညီသောအရာတစ်ခုခုကို ကျွန်ုပ်လုပ်သင့်သလော။" ထိုမေးခွန်းကို ဖြေဆိုခြင်း၌ မတူညီသောကျမ်းပိုဒ်များတွင် ကွဲပြားနိုင်သော်လည်း၊ ဤသည်မှာ သမ္မာကျမ်းစာဇာတ်လမ်းများစွာနှင့်သက်ဆိုင်သည့် အလွန်အရေးကြီးသော နိယာမတစ်ခုဖြစ်ပြီး၊ ၎င်းသည် ရလဒ်များ၏စည်းမျဉ်းဥပဒေဟုခေါ်သည့် ဇာတ်လမ်း၏အဆုံးကိုကြည့်ကာ ထိုပုဂ္ဂိုလ်မည်သို့ဖြစ်သွားသည်ကို မြင်ခြင်းဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ကောင်းချီးကိုရရှိသလော သို့မဟုတ် ဘုရားသခင်၏ တရားစီရင်ခြင်းကို ရရှိသလော။ ၎င်းသည် တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့အတွက် စံနမူနာကောင်း သို့မဟုတ် မကောင်းသည့်ဥပမာကိုပေးခြင်း ရှိ၊ မရှိ အဖြေရှာရန် လိုအပ်သည့်သဲလွန်စများ ပေးပါသည်။
>
> **ဒေါက်တာ Philip Ryken**

ဒါဝိဒ်ခေတ်တွင်အသက်ရှင်သော မူလပရိသတ်အတွက် မောရှေခေတ်မှ အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည့် ယောရှုကျမ်းမှ နမူနာပုံစံနှစ်ခုကို ကြည့်ကြပါစို့။ ယောရှုကျမ်းကို ရေးသားသူသည် ယောရှု ၂-၆ တွင်ယေရိခေါမြို့တိုက်ပွဲတွင် အပြုသဘောဆောင်သောဣသရေလ၏စွမ်းဆောင်ရည်နှင့် ယောရှု ၇ ရှိအာဣမြို့တိုက်ပွဲတွင် ၎င်းတို့၏စွမ်းဆောင်ရည်အတွက်အပျက်သဘောဆောင်သော စံနမူနာကိုပေးခဲ့သည်။

ယေရိခေါမြို့တိုက်ပွဲ၏ရှည်လျားသောမှတ်တမ်းတွင်၊ ယောရှုနှင့် သူ၏သူလျှိုများ၊ သို့မဟုတ် ဣသရေလစစ်တပ်သည် ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်သည့် မည်သည့်အရာကိုမျှပြုလုပ်ကြောင်း အရိပ်အမြွက်မျှမတွေ့ရပါ။ ယေရိခေါမြို့မှ မိုင်အနည်းငယ်ဝေးသောဂိလဂါလမြို့၌ အရေဖျားလှီးခြင်းကိုခံယူခြင်းဖြင့် သူတို့၏အပြည့်အဝဝတ်ပြုခြင်း ကို ဘုရားသခင်အားပြကြပြီး၊ ဘုရားသခင်မှာထားတော်မူသည်အတိုင်း၊ မြို့အနှံ့ လှည့်ပတ်ကာ သီချင်းဆိုလျက်၊ ဟစ်အော်လျက်၊ တံပိုးမှုတ်လျက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လေဝိသားများနှင့် ယဇ်ပုရောဟိတ်တို့နောက်သို့ လိုက်ကြသည်။ ထို့ကြောင့်၊ ယောရှုမှတ်စာရေးသူသည် ယေရိခေါမြို့ဇာတ်လမ်းကို ယောရှု ၆း၂၇ တွင် ဤအပြုသဘောဆောင်သောစကားများဖြင့် နိဂုံးချုပ်ခဲ့သည်_

> ထိုသို့ ထာဝရဘုရားသည် ယောရှုနှင့်အတူ ရှိတော်မူ၍၊ သူ၏ သိတင်းသည် တပြည်လုံး၌နှံ့ပြားကျော်စောလေ၏ (ယောရှု ၆း၂၇)။

သို့ရာတွင်၊ ယောရှု ၇:၁ တွင် အာဣမြို့တိုက်ပွဲ၏မှတ်တမ်းကို နားထောင်ပါ။

> ကျိန်အပ်သောအရာကို သိမ်းယူ၍ ထိုအရာအားဖြင့် ဣသရေလအမျိုးသားတို့ သည် ပြစ်မှားသောအပြစ် ရှိသောကြောင့်၊ (ယောရှု ၇:၁)။

ဤကျမ်းပိုဒ်သည် ယေရိခေါမြို့တိုက်ပွဲတွင် အပြုသဘောဆောင်သောဣသရေလပုံစံနှင့် အာဣမြို့တိုက်ပွဲတွင် အပျက်သဘောဆောင်သောဣသရေလပုံစံ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

ဣသရေလလူမျိုးအာခန်သည် စစ်ပွဲ၏လက်ရည်စွာအားလုံးကို ကိုယ်တော်အားဆက်ကပ်ရန် ဘုရားသခင်အမိန့်တော်ကို ဆန့်ကျင်ပုန်ကန်သောအားဖြင့် ယေရိခေါမြို့မှ လက်ရည်စွာပစ္စည်းများကို ခိုးယူသွားသောကြောင့်၊ သေးငယ်သောအာဣမြို့ကို ပထမဆုံးတိုက်ခိုက်သောအခါ ဣသရေလစစ်တပ်ကြီး ရှုံးနိမ့်ခဲ့သည်။ ယောရှုနှင့် ဣသရေလတို့သည် ဘုရားသခင်နှင့်ဦးစွာ ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုမီ၊ ၎င်းတို့၏အပြစ်ကို နောင်တမရမီနှင့် အာခန်နှင့်သူ၏မိသားစုကို ပြင်းထန်စွာစီရင်ခြင်းမပြုမီတိုင်အောင် တိုက်ပွဲတွင်အာဣမြို့ကို မအောင်နိုင်ခဲ့ပေ။

ယေရိခေါမြို့နှင့် အာဣမြို့တိုက်ပွဲများကြား ခြားနားမှုသည် ယောရှုမှတ်စာဖတ်သူများကို အပြုသဘောဆောင်သောပုံစံအားလိုက်နာရန်နှင့် အပျက်သဘောဆောင်သောပုံစံအားငြင်းပယ်ရန် နှစ်ခုစလုံးကို ပေးပါသည်။ ဤနမူနာပုံစံများကို လေ့လာခြင်းဖြင့်၊ ဒါဝိဒ်ခေတ်ရှိ မူလစာဖတ်သူများသည် ၎င်းတို့ဘုရင်များ၏ဦးဆောင်မှုကို စစ်တိုက်ရာတွင် မည်သို့နာခံရမည်ကို လေ့လာသင့်သည်။

ခရစ်တော်၏နောက်လိုက်များအနေနှင့် ကျွန်ုပ်တို့သည်ယောရှုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာစစ်ပွဲကို မဆင်နွှဲတော့ပါ။ အကြောင်းမှာ ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာစစ်ပွဲကိုသာ ခေါ်သောကြောင့်ဖြစ်သည်။ သို့တိုင်၊ မျက်မှောက်ခေတ် ကျင့်သုံးခြင်း တွင် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးစစ်ပွဲတွင် ပါဝင်ရန် သင့်လျော်သောနည်းလမ်းများကို လေ့လာရန်အတွက် ဤတူညီသောအပြုသဘောဆောင်သော နှင့်အပျက်သဘောဆောင်သောနမူနာပုံစံများ၏ပေါင်းကူးကို တိုးချဲ့ထားသည်။ ရိုးရိုးရှင်းရှင်းပြောရလျှင်၊ ကျွန်ုပ်တို့သည် ယေရိခေါမြို့၌ယောရှုပြုသကဲ့သို့ ဘုရားသခင်ထံဆက်ကပ်အပ်နှံရမည်၊ အာခန်သည် အာဣမြို့၌ ပြုသကဲ့သို့ ကိုယ်တော်၏အမိန့်တော်များကို လျစ်လျူရှုခြင်းမှ ကျွန်ုပ်တို့ ရှောင်ကြဉ်ရပါမည်။ မှန်ပါသည်၊ ဤကျယ်ပြန့်သော မျက်မှောက်ခေတ်ကျင့်သုံးခြင်းများနှင့်ပတ်သက်သည့် မရေမတွက်နိုင်သောအသေးစိတ်အချက်များရှိပါသည်။ သို့သော် ယောရှုမှတ်စာရေးသူသည် သူ၏မူလပရိသတ်ထံ

ဆွဲဆောင်ထားသော ချိတ်ဆက်မှုများအားလုံးကို ကျွန်ုပ်တို့၏အခြေအနေများအတွက် ထိုအသေးစိတ် အချက်အလက်များကို ဆုံးဖြတ်ရာတွင် ကူညီပေးသည့်နည်းလမ်းများဖြင့် တိုးချဲ့နိုင်သည်။

> သမ္မာကျမ်းစာက ဝိညာဉ်ရေးရာအသက်တာ၏ပုံသဏ္ဌာန်၊ အပြစ်ဟူသည် စသည်တို့ကို နည်းလမ်းများစွာဖြင့် သွန်သင်ပေးသည်။ တစ်ခါတစ်ရံ ရိုးရှင်းစွာပြောရလျှင်—ပြုပါ၊ မပြုနှင့်—သို့သော်၊ သူတို့၏ဘဝ၊ နေ့စဉ်ဘဝတွင် အသက်ရှင်ခဲ့ကြသော စစ်မှန်သောလူများ၏သမိုင်းကိုလည်း ကျွန်ုပ်တို့အား ပေးပါသည်။ ထိုအရာများကို ကျွန်ုပ်တို့ဖတ်သည့်အခါ၊ သူတို့၏စံနမူနာမှ အပြုသဘောနှင့်အပျက်သဘောကိုသင်ယူရမည် ဖြစ်ပါသည်။ ရောမဝတ္ထု၌ ဤသို့ဆိုသည် "ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်း အကြောင်းများကိုအမှီပြု၍ မြော်လင့်ရသော အခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌အထက်ကရေးထားသမျှသည် ငါတို့ကိုဆုံးမသြဝါဒပေး၍ ရေးထားသတည်း။" ထို့ကြောင့် ကျွန်ုပ်တို့တွင်အတုယူရမည့် အပြုသဘောဆောင်သောဥပမာများရှိပြီး၊ ရှောင်ရှားရမည့် အပျက်သဘောဆောင်သောဥပမာများရှိသည်...ဒါဝိဒ်သည် ဗာသရှေဘနှင့် အိမ်ထောင်ရေးဖောက်ပြန်သောအခါ ပညတ်တော်ဆယ်ပါးအားဖြင့် မှားယွင်းကြောင်း ကျွန်ုပ်တို့သိသည်။ နာသန်က သူ့ကိုအပြစ်ဖြစ်သည်ဟု စွပ်စွဲသည့် မှတ်တမ်းအားဖြင့် ကျွန်ုပ်တို့သိသည်။ ထို့ပြင် ကျွန်ုပ်တို့တွင် အခြားညွှန်ပြချက်များရှိသည်။ ထို့ကြောင့် ၎င်းသည်ယေဘုယျအားဖြင့် စံနမူနာကောင်းရှိသောသူ၊ ဘုရားသခင်၏စိတ်နှလုံးကိုခံယူထားသော လူတစ်ဦး၏မကောင်းသော စံနမူနာတစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့ သိသည်။သို့ဆိုလျှင် မည်သည့်အရာက ခြားနားချက်ကိုသိနိုင်စေသနည်း။ ဘုရားရှင်၏တရားတော်၊ ရှင်းလင်းပြတ်သားသော အဆုံးအမများ၊ ဥပဒေသများ စသည်တို့ကို လုပ်ဆောင်ပြီးမှသာ နှစ်ခုကိုအတူတကွ ပေါင်းစည်းနိုင်မည်ဖြစ် သည်။

**ဒေါက်တာ Andrew Davis**

> ပုဂ္ဂိုလ်ရေးဆိုင်ရာဇာတ်ကောင် သို့မဟုတ် သူ့ဘဝသည် ကျွန်ုပ်တို့အတုယူ သင့်သည့်အရာဟုတ်မဟုတ်ကိုဆုံးဖြတ်ရန် သမ္မာကျမ်းစာကိုကြည့်ရှုသည့်အခါ တစ်ခါတစ်ရံတွင် ခက်ခဲသည်။ ကျွန်ုပ်တို့ အတုယူနိုင်သည့် တစ်ဦးတည်းသော သူသည် သခင်ယေရှုဖြစ်သည်ကို ကျွန်ုပ်တို့ မှတ်သားထားရမည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်အပေါ် အပြည့်အဝကျော်ဖြတ်နိုင်သည့် တစ်ခုတည်းသောအချက်ဖြစ်သည်။ အခြားလူများကိုလည်း သေချာစွာ

ဆန်းစစ်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာထဲ၌ ထိုသူတို့ရှိနေရသည့် အကြောင်းရင်းသည် သာမာန်အားဖြင့် ကျွန်ုပ်တို့အတုယူဖို့ စံနမူနာပြသည်ဟု မဆိုသာပါ... သို့သော် အတုယူရန်ဘဝသင်ခန်းစာကို မည်သည့်အချိန်တွင် ရနိုင်/မရနိုင်ကို အဖြေရှာရန်ကြိုးစားသည့်အခါ၊ လုပ်ရပ်များ၏ အကြောင်းအရာနှင့် ထိုလုပ်ရပ်များ၏ ရလဒ်များကို ကြည့်ရမည်ဖြစ်ပြီး၊ နိုင်ငံတော်ကိုချဲ့ထွင်ရာတွင် အထောက်အကူဖြစ်စေနိုင်/မဖြစ်နိုင် ဟူသည်ကိုလေ့လာရန်လိုအပ်ပါသည်၊ သို့သော်အဓိကအားဖြင့် သမ္မာကျမ်းစာပါကျင့်ဝတ်ဆိုင်ရာဥပဒေသများကိုကြည့်ရှုပြီး မိမိကိုယ်ကိုဆန်းစစ်ပါက ယေရှုမှလွဲ၍လူတိုင်းသည် ရှီချင်စရာဖြစ်သည်။ ကိုယ်တော်ပြောသမျှသည်ကောင်းသည်၊ မှန်သည်၊ လှပသည်ကို ကျွန်ုပ်တို့သိသည်။ အခြားလူတိုင်းသည် သမ္မာကျမ်းစာကျင့်ဝတ်၏ အဏုကြည့်အောက်တွင် ရောက်လာကြသည်။

**ဒေါက်တာ Sanders L. Willson**

နောက်ဆုံးတွင်၊ နောက်ခံသမိုင်းနှင့်နမူနာပုံစံများကို ပံ့ပိုးပေးသည့်အပြင်၊ ဓမ္မဟောင်းကျမ်း ရေးသူများသည် ၎င်းတို့၏မူလပရိသတ်များ၏ ကိုယ်ပိုင်အတွေ့အကြုံများအပေါ် မျှော်မှန်းချက်များကို ထည့်သွင်းခြင်းဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကြားတွင် ချိတ်ဆက်မှုများအား တင်ပြခဲ့ကြသည်။

## မျှော်မှန်းချက်

သမ္မာကျမ်းစာရေးသူများသည် သူတို့၏ပရိသတ်များကြုံတွေ့ရသည့်အခြေအနေများနှင့် အတိတ်ကအဖြစ်အပျက်များ မည်သို့ဆင်တူကြောင်း ထောက်ပြသည့်နည်းလမ်းများဖြင့် အတိတ်အကြောင်း မကြာခဏရေးသားကြသည်။ ဤပေါင်းကူးအမျိုးအစား သည် "အရိပ်အယောင်များ" ဟုခေါ်သော စာပေဆိုင်ရာကိရိယာတစ်ခုနှင့် ဆင်တူသည်။ အရိပ်အယောင်များတွင်၊ ကျမ်းရေးသူသည် နောက်ပိုင်း အချက်အလက်များကို မျှော်မှန်းသည့်နည်းလမ်းဖြင့် ဇာတ်လမ်းတစ်ခု၏ အစောပိုင်းအသေးစိတ် အချက်အလက်များကို တင်ပြသည်။ တစ်ခါတစ်ရံတွင် ကျမ်းစာရေးသူများသည် အလားတူရည်ရွယ် ချက်ဖြင့် အတိတ်အကြောင်းရေးကြသည်။ သူတို့သည် စာဖတ်သူများ၏အတွေ့အကြုံများကို မျှော်မှန်းထားသည့်နည်းလမ်းများဖြင့် အတိတ်၏အဖြစ်အပျက်များကို ရေးသားသည်။

ကမ္ဘာဦး ၁၂:၁၀-၂၀ တွင်မှတ်တမ်းတင်ထားသော အာဗြဟံ၏ အီဂျစ်ပြည်တွင် တည်းခိုနေထိုင် သည့်အကြောင်း မောရှေ၏ လူသိများသောမျှော်လင့်ချက်တစ်ခုသည် ထင်ရှားသည်။ မှန်ပါသည်၊ မောရှေသည်အာဗြဟံခေတ်တုန်းက ဖြစ်ပျက်ခဲ့သည်များကို အမှန်အတိုင်းပြောပြခဲ့သော်လည်း၊ အာဗြဟံနှင့် သူ၏မူလပရိသတ်များကြားမှ တူညီမှုများကိုမှတ်မိစေရန် ကူညီပေးသည့်နည်းဖြင့် ဇာတ်လမ်းကို ရှင်းပြခဲ့သည်။ ဥပမာ၊ မောရှေ၏မူလစာဖတ်သူများ အစာခေါင်းပါးမှုကြောင့်

အီဂျစ်ပြည်သို့ ရောက်နေသကဲ့သို့ပင်၊ အာဗြဟံသည်ငတ်မွတ်ခေါင်းပါးမှုကြောင့် အီဂျစ်ပြည်သို့ သွားခဲ့သည်။ မောရှေခေတ်တွင် အီဂျစ်လူမျိုးများသည် ဣသရေလလူမျိုးအား ကျွန်များအဖြစ် မတရားခိုင်းစေသည့်နည်းအတိုင်း၊ ဖာရောဘုရင်သည် အာဗြဟံကို အီဂျစ်ပြည်မှာ မတရားသဖြင့် ချုပ်နှောင်ပြီး စာရာကို သူ့အိမ်တော်ထဲသို့ခေါ်ဆောင်သွားသည်။ ဘုရားသခင်သည် ဖာရောမင်းအိမ်တော်၌ ဘေးဒဏ်ကိုစေလွှတ်ခြင်းဖြင့် အာဗြဟံကို ကယ်လွှတ်ခဲ့ပြီး၊ သူသည် အီဂျစ်ပြည်နှင့် ဖာရောဘုရင်၏ အိမ်တော်ထဲသို့ ဘေးဒဏ်များကို ပေးပို့ခြင်းဖြင့်မောရှေ၏ကာလတွင် ဣသရေလကို ကယ်တင်ခဲ့သည်။ ဖာရောဘုရင်သည် ကြီးစွာသောစည်းစိမ်ဥစ္စာဖြင့် အာဗြဟံကို လွှတ်လိုက်သကဲ့သို့၊ မောရှေခေတ်ထွက်မြောက်ရာကျမ်းတွင်၊ ဖာရောဘုရင်နှင့် အဲဂုတ္တုလူတို့သည် ဣသရေလလူတို့ကို အဲဂုတ္တုပြည်၏ စည်းစိမ်နှင့် အဝေးသို့သွားစေခဲ့သည်။

မောရှေသည် အာဗြဟံ၏အတွေ့အကြုံကို သူတို့ကိုယ်တိုင်မျှော်လင့်ထားကြောင်း ပြသရန် ဤတူညီမှုများကို တင်ပြခဲ့သည်။ မောရှေသည် အီဂျစ်တွင်၎င်းတို့၏အချိန်များကိုစံနမူနာပြုခြင်းမှ ရှောင်ဖယ်ရန်နှင့် ၎င်းတို့၏ကယ်တင်ခြင်းအား ၎င်းတို့၏ကိုယ်စား ဘုရားသခင်၏တန်ခိုးကြီးသော လုပ်ရပ်အဖြစ် ရှုမြင်ရန် သူ၏မူလစာဖတ်သူများအား တိုက်တွန်းလိုခဲ့သည်။

တစ်ဖန်၊ မျက်မှောက်ခေတ်ကျင့်သုံးခြင်းတွင် ကျွန်ုပ်တို့၏တာဝန်မှာ အာဗြဟံ၏အသက်တာမှ ၎င်း၏မူလပရိသတ်ထံ မောရှေတည်ဆောက်ခဲ့သောပေါင်းကူးကို ကြည့်ရှုရန်နှင့် ထိုပေါင်းကူးကို ကျွန်ုပ်တို့၏မျက်မှောက်ခေတ်ဘဝများသို့ တိုးချဲ့ရန်ဖြစ်သည်။ ဥပမာအားဖြင့်၊ ဘုရားသခင်သည် အာဗြဟံကို ကနဦးကယ်တင်ခဲ့ပြီးနောက် ဣသရေလလူမျိုးကို ပြန်လည်ကယ်တင်ခဲ့သကဲ့သို့၊ ခရစ်တော်သည် ကျွန်ုပ်တို့အား ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်စေခဲ့ကြောင်း ဓမ္မသစ်ကျမ်းကသွန်သင်ထားသည်။ ဤကဲ့သို့သောဆင်တူမှုများအားဖြင့်၊ အာဗြဟံ၏ အီဂျစ်ပြည်သို့ ခိုလှုံအသက်ရှင်ခြင်းသည် မျက်မှောက်ခေတ်ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ဘုရားသခင်အား အစေခံခြင်းနှင့်ပတ်သက်၍ နားလည်သင့်သည့်နည်းလမ်းများကို မျှော်မှန်းပါသည်။

သမ္မာကျမ်းစာကိုကျွန်ုပ်တို့ကျင့်သုံးသည့်အခါတိုင်း၊ သမ္မာကျမ်းစာခေတ်နှင့် ကျွန်ုပ်တို့ခေတ်ကြားတွင် ဖြစ်ပျက်ခဲ့သောခေတ်ကာလတိုးတက်မှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဓမ္မဟောင်းကျမ်းရေးသူများ၏ချိတ်ဆက်မှုများသည် နောက်ခံသမိုင်းများ၊ နမူနာပုံစံများနှင့် မျှော်မှန်းချက်များမှ တစ်ဆင့် ဤသမိုင်းခေတ်များကြားရှိကွာဟချက်ကို ပေါင်းကူးပေးသည့် ပုံစံများဖြစ်သည်။

# နိဂုံး

မျက်မှောက်ခေတ်ကျင့်သုံးခြင်းနှင့် ဓမ္မဟောင်းခေတ်များဆိုင်ရာ ဤသင်ခန်းစာတွင်၊ ဓမ္မဟောင်းသမိုင်း၏ ခေတ်ကာလအပိုင်းအခြားများကို ၎င်းတို့၏ကွဲပြားမှု၊ ခေတ်ကာလ၏ ဘုံ အကြမ်းဖျဉ်းဖော်ပြချက်နှင့် ဤကွဲပြားမှုများ၏အကျိုးဆက်များကို ကျွန်ုပ်တို့ လေ့လာထားပါသည်။ ထို့ပြင် သူတို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တသမတ်တည်း ဇာတ်ကောင်များ၊ စုစည်းထားသည့်ဇာတ်လမ်းများ၊ ကျမ်းရေးသူတို့၏အစောပိုင်းကာလများကို အသုံးပြုမှုနှင့် ကျွန်ုပ်တို့၏ကျင့်သုံးခြင်းကို အထောက်အကူပြုသော ခေတ်ကာလများကြား ဆက်စပ်မှုများအတွက် ဤအစိတ်အပိုင်းများကြားမှ ခေတ်ကာလတိုးတက်မှုများကို သုံးသပ်ထားပါသည်။

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ဘုရားသခင်၏ပဋိညာဉ်များသည် သမ္မာကျမ်းစာသမိုင်းကို မတူညီသောဓမ္မပညာဆိုင်ရာ ဦးတည်ချက်များရှိသည့် အဓိကခေတ်များအဖြစ် ပိုင်းခြားထားသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့ခေတ်တွင် ဘုရားသခင်ကိုအစေခံရန်အတွက် အတိတ်၏လမ်းစဉ်များသို့ ပြန်သွားရန် မည်သည့်အခါမှ မကြိုးစားသင့်ပါ။ သို့သော် အတိတ်တွင် ဘုရားသခင် ထုတ်ဖော်ခဲ့သည့်အရာကို မည်သည့်အခါမှကျွန်ုပ်တို့မမေ့သင့်ပါ။ ကျွန်ုပ်တို့သည် ဓမ္မပညာဆိုင်ရာအကြောင်းအရာများကို ခေတ်တစ်ခေတ်မှ နောက်တစ်ခုသို့ မှန်ကန်စွာပြောင်းလဲတိုးတက်စေသည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားသည့်အခါ၊ ရှေးပဋိညာဉ်ခေတ်တွင် ဘုရားသခင်ထုတ်ဖော်ခဲ့သမျှ အရာအားလုံးသည် ကျွန်ုပ်တို့၏ခေတ်ကာလ၊ ခရစ်တော်၌ပဋိညာဉ်တရားသစ်၏ခေတ်၌ပင် ဘုရားသခင်အား အစေခံခြင်းအကြောင်းများစွာသွန်သင်ပေးပါသည်။